နဂါးနီ



သိန်း

ဆင်းရဲသားတို့ရဲ့
ဘဝကြော်ငြာသားတစ်ဦး

ဒုတိယအကြိမ်

# လီနင်

mgyoe.com

"ဆင်းရဲသားတို့၏ ဘက်တော်သားတစ်ဦး" အမည်ခံကလောင်ဟာ သခင်စိုးလို့ မှတ်ယူကြပါတယ်။ လီနင်ဟာ ဆိုဗီယက်ရုရှားနဲ့ အဓိပတိခေါင်းဆောင်ကြီးဖြစ်ပါတယ်။ အမည်ရင်းက "ဗလာဒီမာ အီလရစ်ယူလယာနော့"။ လီနင်ဆိုတာ စာရေးတဲ့ကလောင်ကနေ တွင်လာတဲ့ အမည်ဖြစ်ပါတယ်။ အသက် (၂၃) နှစ်အရွယ်မှာ ဆိုရှယ်ဒီမိုကရက်အသင်း ဝင်ရောက်ပြီး နိုင်ငံရေးကို စတင် ဆောင်ရွက်ခဲ့တယ်။ ၁၈၉၅ ခု စိန့်ပီတာစဘတ်မြို့မှာ "အလုပ်သမား" သတင်းစာ ထုတ်ဝေခဲ့တယ်။ ဒီနောက် အဖမ်းခံရပြီး ဆိုက်ဘေးရီးယားကို နယ်နှင်ခံရပြီး ဂျာမနီ၊ အင်္ဂလန်နဲ့ ဆွစ်ဇာလန်တို့မှာ ကျင်လည်နေရတော့တယ်။ ဂျာမနီမှာ "မီးပွား"သတင်းစာ၊ "ရှေ့သို့" သတင်းစာတွေကို ထုတ်ဝေခဲ့တယ်။ ၁၉၀၃ ခု ဘောလ်ရှီဗစ်နဲ့ မင်ရှီဗစ်ဆိုပြီး ကွဲသွားတယ်။ ဆိုရှယ်ဒီမိုကရက် ခေါင်းဆောင် ပလက်ကနော့ဟာ မင်ရှီဗစ်ဂိုဏ်းသား ဖြစ်သွားပြီး လီနင်က ဘော်လ်ရှီဗစ်ဂိုဏ်းသား ဖြစ်တယ်။

နောက်ပိုင်းတော့ ခုခံ ကာကွယ်မှုသာ အလေးထားတဲ့ မင်ရှီဗစ်အယူအဆတွေဟာ ပုန်ကန်ထကြွမှုကို အလေးထားကြတဲ့ ဘော်လ်ရှီဗစ်အယူအဆအောက်မှာ ကျဆုံးသွားတယ်။ "ကာကွယ်ခုခံရုံမျှ ကာကွယ်ခုခံခြင်းသည် ပုန်ကန်ထကြွရေး၏ သေမင်းဖြစ်သည်" ဆိုတဲ့ လီနင်ရဲ့ သွန်သင်ချက်ဟာ တော်လှန်ရေးကို ပြီးမြောက်အောင်မြင်သွားစေပါတယ်။ လီနင်ဟာ ၁၉၂၄ ခု ဇန်နဝါရီ ၂၁ ရက် (၅၄) နှစ် အရွယ်မှာ ကွယ်လွန်သွားခဲ့တယ်။

ISBN9789997110152

NGN13

9 789997 110152

2,000.00KS

mgyoe.com

လီနင်၊ ဆင်းရဲသားတို့၏ဘက်တော်သားတစ်ဦး
ပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၁၈၂ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၃၉ နှင်းနီထုတ် ပထမအကြိမ်မူ၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# လီနင်

## ဆင်းရဲသားတို့၏ ဘက်တော်သားတစ်ဦး

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

နှစ်ပေါင်း ၈၀ ဝန်းကျင်ရှိ နှင်းနီစာအုပ်များကို
ပြန်လည်စီစဉ်ရိုက်နှိပ်ကြသည့်အခါ စာရေးသူ ဘာသာပြန်သူတို့၏
ကျန်ရစ်သူ မိသားစုဝင် မူပိုင်ရှင်များအား ရနိုင်သ၍ ဆက်သွယ်ကာ
ခွင့်တောင်းခံခြင်း၊ ဥာဏ်ပူဇော်ခပေးအပ်ခြင်းများ ပြုလုပ်ခဲ့သော်လည်း
အချို့မှာ ဆက်သွယ်ရ ခက်ခဲခဲ့ပါသည်။ သို့ဖြစ်ပါ၍ အခြေအနေအရ
ဆက်သွယ်ခွင့်တောင်းခံခြင်း မပြုနိုင်ခဲ့သည့် ကျန်ရစ်သူ မိသားစုဝင်
စာမူမူပိုင်ခွင့်ဆက်ခံသူများမှ ခွင့်လွှတ်ပါရန်နှင့်
ဥာဏ်ပူဇော်ခပေးအပ်လိုပါသဖြင့် စာအုပ်တိုက်သို့
ကျေးဇူးပြု၍ ဆက်သွယ်ပေးပါရန်
နှုတ်ဆွတ်စွာ မေတ္တာရပ်ခံအပ်ပါသည်။

mgyoe.com

mgyoe.com

# လီနင်
# (၁၉၃၉ ပြေ)
# အုပ်ရေ ၅၀၀၀

'ဆင်းရဲသားတို့၏ ဘက်တော်သားတစ်ဦး' ရေးသားတဲ့ စာအုပ်ပါ။ ဆင်းရဲသားတို့၏ဘက်တော်သားတစ်ဦး အမည်ခံကလောင်ဟာ သခင်စိုးလို့ မှတ်ယူကြပါတယ်။ အရေးအသားဟာ သခင်စိုးနဲ့တူတယ်လို့ သတ်မှတ်ကြပါတယ်။ လီနင်ရဲ့စာအုပ်ကို နိဒါန်းနဲ့အတူ အခန်းပေါင်း ၂၇ ခန်းပါဝင်တာ တွေ့ရတယ်။ နိဒါန်းမှာ "မြန်မာပြည်တွင်လည်း ဓနရှင်ကြီးများက ဓနရှင်ကလေးများအပေါ်တွင် လူညွန့်ခူး၍စားခြင်း၊ ဓနရှင်ကလေးများကလည်း ၎င်းတို့အောက်က အလုပ်သမား၊ လယ်သမား၊ ကူလီများအား လူညွန့်ခူးစားခြင်းတည်းဟူသော စနစ်ဆိုးကြီး ထွန်းကားနေသည့်အပြင်၊ အချောင်ထွက်ရပ်လမ်းဆရာ လူယုတ်မာများကလည်း မစားရဝခမန်းဖြစ်သော အချောင်ထွက်ရပ်လမ်းတို့ဖြင့် သူတို့ (လူယုတ်မာများ) ၏ ကောင်းစားမှုအတွက် လူ

mgyoe.com

mgyoe.com



ဆင်းရဲ၊ အလုပ်သမား၊ လယ်သမားများအား အမျိုးမျိုး ကျော့ကွင်းထောင်၍ လူညွန့်ခူးစားလျက်ရှိရာ ထွက်ရပ်လမ်း ကို အလိုရှိကြကုန်သော ဆင်းရဲသားတို့၏ ဘက်တော်သား တိုင်းသည် ယခုစာအုပ်ကို လေးနက်စွာ ဖတ်ကြားသင့်ကြပါ ကြောင်း” လို့ ဆိုထားပါတယ်။

လီနင်ဟာ ဆိုဗီယက်ရုရှားနဲ့ အဓိပတိခေါင်းဆောင် ကြီးဖြစ်ပါတယ်။ သူ့ကို ၁၈၇၀ ခု ဧပြီလ (၂၂) ရက်မှာ ရုရှားနိုင်ငံ ဘိုးလဝါးမြစ်ကမ်းခြေ ဆင်းဘတ်မြို့မှာ ပညာရေး အရာရှိဖြစ်တဲ့ ဖခင်နဲ့ ကာဇံနယ် မြေပိုင်ရှင်ကလေးရဲ့သမီး ဖြစ်တဲ့ မိခင်တို့မှ မွေးဖွားပါတယ်။ အမည်ရင်းက ‘ဗ္ဘာလာ ဒီမာ အီလရစ်ယူလယာနော့’။ လီနင်ဆိုတာ စာရေးတဲ့ ကလောင်အမည်ကနေ တွင်လာတဲ့ အမည်ဖြစ်ပါတယ်။

သူရဲ့အစ်ကိုအကြီးဆုံး အလက်ဇန္ဒား ယူလယာနော့ ဟာ (တတိယမြောက် အလက်ဇန္ဒား) ဇာဘုရင်ကို လုပ်ကြံတဲ့ အထဲမှာ ပါဝင်လို့ ကြိုးပေးခံရတယ်။ အဲဒီဂယက်ကြောင့် လီနင်ရဲ့ ပညာသင်ကြားမှုမှာ အခက်အခဲဖြစ်စေတယ်။ ဒါပေမဲ့ လီနင်ဟာ ၁၈၉၀ ခုမှာ ဥပဒေစာမေးပွဲကို စိန့်ပီတာ စဘတ်မြို့ တက္ကသိုလ်ကနေ အလွတ်သင်အဖြစ် ဖြေဆို အောင်မြင်ခဲ့တယ်။ အသက် (၂၃) နှစ်အရွယ်မှာ ဆိုရှယ် ဒီမိုကရက်အသင်း ဝင်ရောက်ပြီး နိုင်ငံရေးကို စတင်ဆောင် ရွက်ခဲ့တယ်။ ၁၈၉၅ ခု စိန့်ပီတာစဘတ်မြို့မှာ ‘အလုပ်သမား’ သတင်းစာ ထုတ်ဝေခဲ့တယ်။ ဒီနောက် အဖမ်းခံရပြီး ဆိုက် ဘေးရီးယားကို နယ်နှင်ခံရတယ်။

အဲဒီနောက်မှာတော့ လီနင်ဟာ ဂျာမနီ၊ အင်္ဂလန်နဲ့

mgyoe.com

mgyoe.com



ဆွစ်ဇာလန်နိုင်ငံတို့မှာ ကျင်လည်နေရတော့တယ်။ ဂျာမနီမှာ 'မီးပွား' သတင်းစာ၊ 'ရှေ့သို့' သတင်းစာတွေကို ထုတ်ဝေခဲ့တယ်။၁၉၀၃ ခု ဒုတိယအကြိမ် ကွန်ကရက်အစည်းအဝေးမှာ ဘောလ်ရှီဗစ်နဲ့ မင်ရှီဗစ်ဆိုပြီး ကွဲသွားတယ်။ ဆိုရှယ်ဒီမိုကရက်ခေါင်းဆောင် ပလက်ကနော့ဟာ မင်ရှီဗစ်ဂိုဏ်းသား ဖြစ်သွားတယ်။ ၁၉၀၅ ခုနှစ်မှာ လက်နက်စွဲကိုင်တော်လှန်ကြတယ်။ ရှုံးနိမ့်သွားတယ်။ အဲဒီမှာ လီနင်ပါဝင်ရေးသားနေတဲ့ ဂေါ်ကီရဲ့ 'ဘဝသစ်' ဂျာနယ်လည်း အယ်ဒီတာတွေ အဖမ်းခံရလို့ ပျက်စီးသွားတယ်။ လီနင်လည်း ဖင်လန်ကို တိမ်းရှောင်သွားရပြန်တယ်။ ၁၉၀၈ ခုနှစ်မှာ ဒုတိယအကြိမ် လက်နက်ကိုင်တော်လှန်ရေးပေါ်ပေါက်လာပြန်တယ်။ ရှုံးနိမ့်သွားပြန်တယ်။ အဲဒီမှာ လီနင်ရဲ့ ဘော်လ်ရှီဗစ်ဂိုဏ်းကို အပြစ်တင်ဝေဖန်ခြင်းခံကြရတယ်။

၁၉၁၂ ခု ရွှေတွင်းလုပ်သားတွေ အသတ်ခံရတော့ တော်လှန်ရေးဟာ ပြန်လည်နိုးကြားလာတယ်။ လီနင်တို့ရဲ့ 'သစ္စာဝါဒီ' သတင်းစာကလည်း လှုံ့ဆော်၊ စည်းရုံးရေးကို ထိရောက်စေပါတယ်။ လီနင် ရုရှားနိုင်ငံကို ပြန်လည်ဝင်ရောက်လာတော့ ပြည်သူတွေက သောင်းသောင်းဖြဖြ ကြိုဆိုကြတယ်။ နိုင်ငံတော်ရဲ့ အာဏာကိုလည်း ထိန်းချုပ်လာနိုင်ခဲ့တယ်။ ဒါပေမဲ့ အလုပ်သမား၊ လယ်သမားတွေရဲ့ တော်လှန်ရေးမှာ ဦးဆောင်မှု အခန်းကဏ္ဍနဲ့ပတ်သက်ပြီး ဖြေရှင်းကျော်လွှားမှုတွေ ရှိခဲ့သေးတယ်။ နောက်ပိုင်းတော့ ခုခံကာကွယ်မှုသာ အလေးထားတဲ့ မင်ရှီဗစ်အယူအဆတွေဟာ ပုန်ကန်ထကြွမှုကို အလေးထားကြတဲ့ ဘော်လ်ရှီဗစ် အယူ

mgyoe.com

mgyoe.com



အဆအောက်မှာ ကျဆုံးသွားတယ်။ "ကာကွယ်ခုခံရုံမျှ ကာကွယ်ခုခံခြင်းသည် ပုန်ကန်ထကြွရေး၏ သေမင်းဖြစ်သည်" ဆိုတဲ့ လီနင်ရဲ့ သွန်သင်ချက်ဟာ တော်လှန်ရေးကို ပြီးမြောက် အောင်မြင်သွားစေပါတယ်။

လီနင်ဟာ ၁၉၂၄ ခု ဇန်နဝါရီ ၂၁ ရက် (၅၄) နှစ်အရွယ်မှာ ကွယ်လွန်သွားခဲ့တယ်။

❒

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| — | နိဒါန်း | (က) |
| ၁။ | ဆင်းရဲသားခေါင်းဆောင် | ၁ |
| ၂။ | တက္ကသိုလ်ကျောင်းနှင့် သူပုန်စိတ် | ၆ |
| ၃။ | ဥပဒေပညာဖြင့် အသက်မမွေးလိုကြောင်း | ၁၀ |
| ၄။ | အကျယ်ချုပ်ပို့ခြင်း | ၁၅ |
| ၅။ | ဆိုရှယ်ဒီမိုကရက်အသင်းချုပ်ကြီး | ၁၈ |
| ၆။ | လန်ဒန်မြို့တော်တွင် နေထိုင်ခြင်း | ၂၂ |
| ၇။ | ဆိုရှယ်ဒီမိုကရက် အစည်းအဝေးကြီး | ၂၇ |
| ၈။ | ဘိုလ်ရှီဗျစ်ဂိုဏ်းနှင့် မင်ရှီဗျစ်ဂိုဏ်း | ၃၂ |
| ၉။ | ပြည်သူဆင်းရဲသားအပေါင်းတို့... | ၃၅ |
| ၁၀။ | ဆိုဗီယက်အဖွဲ့ ပေါ်လာခြင်း | ၃၈ |
| ၁၁။ | နိုင်ငံရေးတွင် လျှော့နံ့ဓားထစ်မလုပ်ခြင်း | ၄၂ |
| ၁၂။ | ပထမအကြိမ် ပုန်ကန်ထကြွလာခြင်း | ၄၈ |
| ၁၃။ | လီနင်အပေါ်တွင် အပြစ်တင်လာကြခြင်း | ၅၃ |
| ၁၄။ | ရုရှားနိုင်ငံတွင် ပြန်လည်နိုးကြားလာခြင်း | ၅၈ |


mgyoe.com

mgyoe.com


၁၅။ ရုရှားသူလျှိုဟုဆိုပြီး အဖမ်းခံလာရခြင်း ၆၂

၁၆။ ကမ္ဘာစစ်ကြီး ဖြစ်ပွားလာခြင်း ၆၉

၁၇။ ၁၉၁၇ ခုနှစ်အတွင်း ပုန်ကန်ထကြွလာခြင်း ၇၅

၁၈။ ပြည်တော်ဝင်ခန်း ၈၃

၁၉။ ခေတ္တအုပ်ချုပ်ရေးအဖွဲ့ကို ဖြိုဖျက်ရန်စီမံခြင်း ၉၁

၂၀။ စစ်ဘက်အုပ်ချုပ်ရေး အာဏာကို
ကြားဝင်၍ လုလာခြင်း ၁၀၂

၂၁။ ဆမိုလနီ အဆောက်အအုံ ၁၀၈

၂၂။ ဆင်းရဲသားခေါင်းဆောင် ၁၂၀

၂၃။ ပထမတစ်လအတွင်း ၁၃၄

၂၄။ မော်စကိုမြို့ ၁၄၃

၂၅။ သေနတ်အပစ်ခံရခြင်း ၁၅၃

၂၆။ ပိုလန်ပြည်နှင့် စစ်ဖြစ်လာခြင်း ၁၆၄

၂၇။ ကွယ်လွန်အနိစ္စရောက်ခြင်း ၁၇၄


❒

mgyoe.com

mgyoe.com

# နိဒါန်း
## ဘာ့ကြောင့်-လီနင်ကို လေးနက်စွာ ဖတ်ကြားသင့်သနည်း။

သန့်သန့်စွမ်းစွမ်း သွားလာလုပ်ကိုင်လျက်ရှိသော နုနယ်ပျိုမျစ်ရာ ဘဝမှ ချည့်နဲ့နွေးကွေးလေးလံသော အိုမင်းမစွမ်းသည့် ဘဝသို့ရောက်ရသည့် ဒုက္ခ၊ ကျန်းကျန်းမာမာ၊ ပျော်ပျော်ရွှင်ရွှင်နေရသောဘဝမှ မအီမသာ၊ မကျန်းမာရသောဘဝသို့ ရောက်ရသောဒုက္ခ၊ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ဆွေမျိုးသားချင်း၊ မိတ်ဆွေရင်းတို့နှင့် ရွှင်ပြုံးကြည်သာစွာ ပေါင်းသင်းလျက်နေရာမှသည် ဘဝတွင် နောင်တစ်ဖန် ပြန်မတွေ့ရသော သေလမ်းသို့ ချီလှမ်းရသောဒုက္ခ၊ ဤဒုက္ခအပေါင်းတို့၏ နှိပ်စက်ညှဉ်းပန်းခြင်းကိုခံကြရသောအခါ အနှိပ်စက်ခံရသူအပေါင်းတို့သည် ၎င်းတို့အား နှိပ်စက်လျက်ရှိသော ဤဒုက္ခအပေါင်းတို့မှ လွတ်မြောက်ရာ ထွက်ရပ်လမ်းကို တောင့်တကြ၏။ မျှော်လင့်ကြ၏။ ထိုထွက်ရပ်လမ်းတို့ကို ပေးမည်ဟုဆိုသူတို့၏ နောက်သို့ အစွမ်းကုန်ကြိုးစား၍ လိုက်ကြကုန်၏ ။

mgyoe.com

mgyoe.com



ထိုအချိန်အခါတွင် ထွက်ရပ်လမ်းဟု အမည်ခံသော လမ်းအမျိုးမျိုးကိုပေးသည့် ထွက်ရပ်လမ်းဆရာ အမျိုးမျိုးပေါ်ပေါက်ခဲ့၏။ အချို့က ရေငုပ်၊ မီးလှုံ၊ တုံးခုန်၊ ဇယ်ခတ်ခြင်းဖြင့် အထက်ပါ ဒုက္ခအပေါင်းမှ ထွက်ရပ်ပေါက်သည်ဟူသော တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးကြကုန်၏။ အချို့ကား ဝတ်လစ်စားလစ်နှင့် တစ်နေ့လုံး နေပူထဲတွင်ရပ်သော ထွက်ရပ်လမ်းတို့ကို ပေးကြကုန်၏။ အချို့ကား ဆိုင်ရာပိုင်ရာတို့အား တိရစ္ဆာန်တို့၏ လည်ချောင်းသွေးများဖြင့် ယဇ်နတ်ပူဇော်ရသော ထွက်ရပ်လမ်းကို ပေးကြကုန်၏။ ထိုသူများထက် အထက်တန်းကျသူများကိုမူကား၊ သီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံခြင်းဖြင့်လည်းကောင်း၊ ရှိသမျှသော စည်းစိမ်ဥစ္စာ၊ လယ်ယာ၊ ဆင်မြင်း အစရှိသည်တို့ကို ဒါနပြုရမည်ဟူသော ထွက်ရပ်လမ်းတို့ကို ပေးကြကုန်၏။

အထက်ပါ အချောင်ထွက်ရပ်လမ်းဆရာတို့၏ နောက်သို့လိုက်ကြကုန်သော တပည့်တပန်းတို့မှာ အကျိုးလိုလို့ ညောင်ရေလောင်း၊ ပတ်ထမ်းတွေ့ဟူသော စကားကဲ့သို့၊ ဒုက္ခအပေါင်းမှ ထွက်လိုသောကြောင့် ထွက်ရပ်လမ်းများကို ရှာဖွေ၍ ကိုးကွယ်ဆည်းကပ်ကာမှ လောက ဒုက္ခအပေါင်းတို့ထက် ကြီးမားသော ဒုက္ခမျိုးမျိုးဆုံရာဖြစ်သည့် အဝီစိသို့ ဇောက်ထိုးမိုးမျှော် ဆင်းသက်ကြကုန်၏။ ၎င်းတို့ထဲမှ အထက်တန်းအကျဆုံးလမ်းကို လိုက်မိသူများသည် ဒုက္ခအပေါင်းမှ မလွတ်ကင်းဘဲ ဒုက္ခအပေါင်း ခြံရံလျက်ရှိသေးသည့် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့တွင် ဆန်စုန်ခံရကြကုန်၏။

ထိုလမ်းများကို ပေးကြသော အချောင်ဆရာ လူယုတ်မာများသာလျှင် လာဘ်လာဘ အမျိုးမျိုးတိုးလျက် ရှိကြကုန်၏။

သို့နှင့်ပင် လူနတ်တို့၏ သင်းကျစ်၊ ဓမ္မရာဇ်မှန်ကူ၊ သယမ္ဘူဉာဏ်ရှင်ဖြစ်တော်မူသော လောကထွတ်ထားသဗ္ဗညုမြတ်စွာဘုရား ပွင့်တော်မူ

mgyoe.com

mgyoe.com

ပြီး၍ သစ္စာလေးပါးမြတ်တရားကို ဟောကြားဆုံးမ ပြသတော်မူသော အခါမှ အနန္တသတ္တဝါတို့မှာ ဒုက္ခအပေါင်းတို့မှ တကယ့်ထွက်ရပ်လမ်း ဖြစ်သော တရားစစ် တရားမှန်ကို ရကြကုန်၏။

ထိုနည်းအတိုင်းပင် လူလူချင်း လူညွန့်ခူးစားသောစနစ်ဆိုးကြီး ကြောင့် မြားမြောင်လှစွာသော (လူ တစ်သိန်းလျှင်၊ ကိုးသောင်း၊ ကိုးထောင်၊ ကိုးရာ၊ ကိုးဆယ့်ကိုးယောက်မျှသော) အလုပ်သမားနှင့် လယ်သမား တို့မှာ ဆင်းရဲရာမှမွဲ၊ မွဲရာမှ ငတ်ပြတ်ကြပြီးလျှင် အလွန်တို တောင်းလှ သော အသက်တမ်းကလေးတွင် လူပင်ဖြစ်လာရသော်ငြားလည်း လူချင်း မတူ သူချင်း မမျှရဘဲ လူ့ဘဝ ဆုံးခဲ့ရကြရှာလေ၏။ သို့အတွက် ဤလူ ဆင်းရဲတို့သည် လူလူချင်း လူညွန့်ခူးစားလျက်ရှိသော စနစ်ဆိုးကြီး၏ စက်ကွင်းမှ လွတ်မြောက်ရန် မျှော်လင့်ကြကုန်၏။ တောင့်တကြကုန်၏။ လွတ်မြောက်ရန် ထွက်ရပ်လမ်းများကို ပေးမည့်သူများနောက်သို့ ကောက် ကောက်ပါအောင် လိုက်ကြကုန်၏။

သို့ရာတွင် ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက်ဆိုး ဟူသောစကားကဲ့သို့ ဆင်းရဲသားများမှာ ထွက်ရပ်လမ်း မပေါက်ဘဲ ၎င်းတို့အား အချောင်ထွက်ရပ်လမ်းများကိုပေးသော အချောင်သမား လူယုတ်မာများမှာသာ ဝန်ကြီး၊ ဝန်ကလေးစသော ရာထူးဌာနန္တရတို့ဖြင့် စည်းစိမ်ယစ်မူးကြသော ထွက်ရပ်လမ်းများ ပေါက်ကြကုန်၏။

ရုရှားပြည်တွင် လီနင်ပေါ်ပေါက်လာသောအခါမှ လူလူချင်း လူညွန့်ခူးစားနေသော စနစ်ဆိုးကြီးကို အမြစ်ကပါ သုတ်သင်ရှင်းလင်း နိုင်သော ထွက်ရပ်လမ်းအစစ်ကို ကမ္ဘာ့ဆင်းရဲသူ၊ ဆင်းရဲသားတို့ တွေ့မြင်ကြရကုန်၏။ ထိုထွက်ရပ်လမ်းကို လိုက်နိုင်ကြသဖြင့် ရုရှား လူဆင်းရဲအပေါင်းတို့မှာ ဆင်းရဲစကား နားမှ လေသံမကြားကြရတော့ဘဲ ချမ်းသာကြကုန်၏။

mgyoe.com

mgyoe.com



မြန်မာပြည်တွင်လည်း ဓနရှင်ကြီးများက ဓနရှင်ကလေးများ အပေါ်တွင် လူညွန့်ခူး၍စားခြင်း၊ ဓနရှင်ကလေးများကလည်း ၎င်းတို့ အောက်က အလုပ်သမား၊ လယ်သမား၊ ကူလီများအား လူညွန့်ခူးစား ခြင်းတည်းဟူသော စနစ်ဆိုးကြီးထွန်းကားနေသည့်အပြင် အချောင် ထွက်ရပ်လမ်းဆရာ လူယုတ်မာများကလည်း မစားရ ဝခမန်းဖြစ်သော အချောင်ထွက်ရပ်လမ်းတို့ဖြင့် သူတို့ (လူယုတ်မာများ) ၏ ကောင်းစားမှု အတွက် လူဆင်းရဲ၊ အလုပ်သမား၊ လယ်သမားများအား အမျိုးမျိုး ကျော့ကွင်းထောင်၍ လူညွန့်ခူးစားလျက်ရှိရာ ထွက်ရပ်လမ်းကို အလိုရှိ ကြကုန်သော ဆင်းရဲသားတို့၏ ဘက်တော်သားတိုင်းသည် ယခုစာအုပ် ကို လေးနက်စွာ ဖတ်ကြားသင့်ကြပါကြောင်း။

ဘာသာပြန်ဆိုသူ ရေးသားသူ
ဆင်းရဲသားတို့၏ ဘက်တော်သားတစ်ဦး။

❒

mgyoe.com

mgyoe.com

## ဆင်းရဲသားခေါင်းဆောင်

၁၈၇၀ ပြည့်နှစ်၊ ဧပြီလ ၂၂ရက်နေ့တွင် ရုရှားနိုင်ငံ၊ ဘိုလဂါး မြစ်ကမ်းခြေရှိ ဆင်ဘတ်မြို့၌ လီနင်ကို ဖွားမြင်လေသည်။ 'လီနင်' ဆို သောနာမည်မှာ လူလားမြောက်၍ နိုင်ငံရေးကိုစတင်ဆောင်ရွက်လာ သည့်အချိန်၌ မှည့်ခေါ်သောနာမည်ဖြစ်၏။ နာမည်ရင်းမှာကား 'ဘလာ ဒီမာအီလရစ်ယူလယာနော့' ဖြစ်၏။ လီနင်၏မိဘတို့မှာ အထက်တန်း လည်းမရောက်၊ အောက်တန်းလည်းမကျ၊ အလယ်အလတ်တန်းမှ ဖြစ်ကြ၏။

ဖခင်ဖြစ်သူသည် ဆင်ဘတ်မြို့၌ ပညာရေးဌာနအရာရှိကလေး တစ်ယောက်ဖြစ်၍ မိခင်မှာမူ ကားဇံနယ်မှ မြေပိုင်ရှင်ကလေးတစ်ဦး၏သမီး ဖြစ်၏။ ဖခင်မှာ ပညာရေးဌာန အရာရှိကလေးဖြစ်သည့်အတိုင်း နိုင်ငံရေး နှင့်ပတ်သက်၍ ဆောင်ရွက်ခွင့်မရှိသော်လည်း ၎င်းမှ ပေါက်ဖွားလာသော သားသမီးများကို ထောက်ရှုသဖြင့် နိုင်ငံရေးစိတ်ရှိခဲ့ပုံပေါ်လေသည်။

လီနင်မှာ ညီအစ်ကိုမောင်နှမပေါင်း ခြောက်ယောက်ရှိ၍ အစ်ကို အကြီးဆုံး 'အလက်ဇန္ဒားယူလယာနော့' ဆိုသူမှာ (တတိယမြောက် အလက်ဇန္ဒား) ဇာဘုရင်ကို လုပ်ကြံရာတွင် ပါဝင်သည်ဆိုပြီးလျှင်

mgyoe.com

mgyoe.com


ကြိုးဒဏ်စီရင်ခြင်း ခံရ၏။ နှမကလေးတစ်ယောက်မှာကား စာသင်ကျောင်းတွင် ပညာသင်ကြားနေစဉ် ကျောင်းသူကလေးဘဝကပင် သေဆုံးရှာလေသည်။ 'လီနင်' နှင့်တကွ ကျန်ညီအစ်ကိုမောင်နှမတစ်စုတို့ အားလုံးပင် ကြီးပြင်းလာကြသည့်ကာလ ရုရှားနိုင်ငံတော်လှန်ပုန်ကန်ရေးတွင် ပါဝင်လာသည့်အတိုင်း မိခင်ဖြစ်သူကလည်း ဟန့်တားခြင်း မပြုဘဲ မျက်နှာလွှဲ၍ နေခဲ့၏။ ဖခင်မှာ ၁၈၈၆ ခုနှစ်တွင် ကွယ်လွန်အနိစ္စရောက်လေရာ မိခင်တစ်ဦးတည်းသာလျှင် သားသမီးများ၏ နောင်တွေ့ကြုံလာသော ဘေးဒုက္ခတွင် ပါဝင်ပူဆွေးခြင်း ဖြစ်လာရ၏။

၁၈၈၇ ခုနှစ်၊ မတ်လ ၈ရက်နေ့ အလွန်အေးမြသော နံနက်ခင်းအချိန်တွင် ပီတာစဘတ်မြို့တော်၌ လူအများအိပ်ရာမှ မထမီ လီနင်၏ အစ်ကိုအလက်ဇန္ဒားယူလယာနော့နှင့်တကွ လူငယ်ကလေး ငါးယောက်တို့အား စစ်ပုလိပ်များကြပ်မတ်ပြီးလျှင် မြစ်ဆိပ်သို့ ဆောင်ယူသွားကြလေ၏။ ထိုလူငယ်လေးငါးယောက်တို့မှာ ဘုရင်၏အသက်ကို လုပ်ကြံရာတွင် ပါဝင်သည်ဆိုပြီးလျှင် ကြိုးဒဏ်ပေးရန် စီရင်ခြင်းခံရသူတို့ဖြစ်၏။

မြစ်ဆိပ်သို့ရောက်သောအခါ ထိုလူငယ်ကလေး ငါးယောက်တို့အား သင်္ဘောကလေးတွင် တစ်ဖန် တင်၍ ကြိုးပေးရန်ဌာနဖြစ်သော ရဲတိုက်ဟောင်းကြီးသို့ ယူဆောင်သွားပြန်လေ၏။ ထိုရဲတိုက်ဟောင်းကြီး၌လည်း နိုင်ငံရေးဖြင့် ကျခံနေရသူ နှစ်ဆယ်ကျော်ခန့်ရှိနေလေရာ ထိုလူတို့က ကြိုးပေးရန်ဆောင်ယူလာသော လူငယ်လေး ငါးယောက်တို့အား မြင်ကြသောအခါ ရင်ထုမနာ ဖြစ်ကြလေသည်။

၁၈၈၄ ခုနှစ် ကျော်လွန်သည့်နောက်၌ ရုရှားနိုင်ငံတွင် လူငယ်လေးတို့သည် ပုန်ကန်ထကြွရေးအတွက် စိတ်အပျက်ကြီးပျက်ပြီးလျှင် ထိုပုန်ကန်ထကြွရေးအလုပ်ကို စွန့်ပယ်လာခဲ့ကြ၏။ ရုရှားနိုင်ငံ (ဒုတိယမြောက် အလက်ဇန္ဒားဘွဲ့တော်ရှိ ဇာဘုရင်) ၏ အသက်ကို လုပ်ကြံပြီး

mgyoe.com

mgyoe.com
သည့်နောက် ပုန်ကန်ထကြွရေးတွင် ဦးစီးခေါင်းဆောင်တစ်ယောက်ဖြစ်ခဲ့သူ 'တိုင်ကီမိရော့' ဆိုသူ ကိုယ်တိုင်ကလည်း ပုန်ကန်ထကြွရေးအတွက် စိတ်ပျက်ပြီးသော် 'ငါသည် အဘယ်ကြောင့် ပုန်ကန်ထကြွရေးကို စိတ်ပျက်လာရပါသနည်း' ဆိုသော စာတမ်းတစ်ခုကို ထုတ်ဝေလေသည်။ ဆိုခဲ့သည့်အတိုင်း ရုရှားနိုင်ငံတွင် ပုန်ကန်ထကြွရေးအတွက် လူငယ်ကလေးများ စိတ်ပျက်လာကြသည်တွင် ဇာဘုရင်နှင့်တကွ မှူးမတ်၊ အရာရှိတို့အား သတ်ဖြတ်ပစ်ရန် လျှို့ဝှက်ကြံစည်သူ လူငယ်လေးအချို့လည်း ကျန်ရှိကြသေး၏။

၎င်းတို့၏သဘောမှာ ရုရှားနိုင်ငံတွင် ပုန်ကန်ထကြွရေးမှာ အေးစက်စက်ဖြစ်နေသည်ကို တစ်ဖန်ပြန်၍ မီးမွှေးပေးရန်ကြံရွယ်ခြင်း ဖြစ်၏။ သို့ဖြစ်သည့်အတိုင်း လီနင်၏အစ်ကို အလက်ဇန္ဒားယူလယာနော့ အမှုးရှိသော လူငယ်ကလေးတစ်စုတို့သည် (တတိယမြောက် အလက်ဇန္ဒားဘွဲ့တော်ရှိ ဇာဘုရင်) ၏အသက်ကို လုပ်ကြံရန် စီမံလာကြလေသည်။

စီမံပုံမှာ တတိယမြောက် အလက်ဇန္ဒားဇာဘုရင်သည် ဒုတိယမြောက် အလက်ဇန္ဒားဇာဘုရင်၏ သင်္ချိုင်းတော်သို့ တစ်နှစ်လျှင် တစ်ကြိမ်ကျ ထွက်စံလေ့ရှိရာ ထိုသို့ထွက်စံတော်မူရာ၌ ဗုံးဖြင့်ပစ်ရန် စီမံခြင်းဖြစ်၏။ ဤကဲ့သို့ အသင့်စီမံ၍ပြီးစီးသည်တွင် အစိုးရစုံထောက်ဘက်မှ သတင်းရရှိသည့်အတိုင်း အလက်ဇန္ဒားယူလယာနော့အမှုးရှိသော လူငယ်လေးတစ်စုတို့အား စုံထောက်တို့က အမြဲစောင့်ကြပ်နေခဲ့လေ၏။ သို့ရာတွင် စုံထောက်တို့ စောင့်ကြပ်နေသည်ကို မသိဘဲ မိမိတို့ စီစဉ်ချက်အတိုင်း ဗုံးပစ်မည့်ဆဲဆဲတွင် ဖမ်းဆီးခြင်းခံလာရလေ၏။

ထို့နောက် ဖမ်းဆီးခြင်းခံရသူ လီနင်၏အစ်ကို အလက်ဇန္ဒားယူလယာနော့ အမှုးရှိသော လူငယ်လေး ငါးယောက်တို့အား ဇာဘုရင်၏အသက်ကို လုပ်ကြံရာတွင်ပါဝင်သည်ဆိုပြီးလျှင် ရုံးတော်သို့တင်ပို့

mgyoe.com

mgyoe.com


စစ်ဆေးလေ၏။

ထိုအခါ ခေါင်းဆောင်ဖြစ်သူ လီနင်၏အစ်ကို အလက်ဇန္ဒား ယူလယာနော့က ယခုကဲ့သို့ လုပ်ကြံရခြင်းမှာ ရုရှားနိုင်ငံ၏ လွတ်မြောက် ချမ်းသာရေးအတွက်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံ ပြည်သူဆင်းရဲသားအများ တို့မှာ ဇာဘုရင်၏ အုပ်စိုးခြင်းမကောင်းသောကြောင့် အကြီးအကျယ် အတိဒုက္ခရောက်နေကြရကြောင်း၊ ထိုပြည်သူ ဆင်းရဲသားအများတို့၏ လွတ်မြောက်ချမ်းသာရေးအတွက် မိမိအသက်ကို မနှမြောကြောင်း၊ အကယ်၍ မိမိတို့မှာ ကြိုးဒဏ်စီရင်ခြင်း ခံရစေကာမူ ရုရှားနိုင်ငံအတွက် မိမိတို့နိုင်ရာက ဆောင်ရွက်ခဲ့ရသဖြင့် စိတ်ကျေနပ်ခြင်းဖြစ်ကြောင်း၊ မိမိတို့မရှိသည့်နောက်၌လည်း ဆက်လက်၍ ဆောင်ရွက်သွားမည့်သူတို့ ကျန်ရှိသေးကြောင်း စသဖြင့် ရဲရဲရင့်ရင့် ထုတ်ဖော် ပြောဆိုလေသည်။

ဤကဲ့သို့ မိမိတို့၏ အကြံအစည်ကို ရဲရင့်စွာ ထုတ်ဖော်ပြောဆို သည့်အတိုင်း ရုံးတော်ကလည်း ကြိုးပေး၍ သတ်ဖြတ်ရန် စီရင်လိုက်ခြင်း ဖြစ်၏။

လီနင်သည် ငယ်စဉ်ကပင် ဆင်ဘတ်မြို့၊ ဟိုက်စကူးကျောင်းတွင် ဝင်ရောက်၍ စာပေသင်ကြားခဲ့၏။ ထိုအခါက ထိုစာသင်ကျောင်း၏ ဆရာကြီးမှာ ကရင်စကီဆိုသူ၏ ဖခင်ဖြစ်လေသည်။ ကရင်စကီမှာ ရုရှားနိုင်ငံတွင် တော်လှန်ပုန်ကန်လာကြသည့်နောက် ဇာဘုရင်ကို နန်းမှချ ပြီး ခေတ္တ အစိုးရဖွဲ့စည်းအုပ်ချုပ်ရာတွင် အမတ်ချုပ်ကြီးအဖြစ် ဆောင်ရွက် လာသူဖြစ်၍ ၎င်း၏လက်မှ တစ်ဖန် လီနင်အမှူးရှိသော ဗိုလ်ရှီဗျစ်တို့က ရုရှားနိုင်ငံအုပ်ချုပ်ရေးကို လုယူခဲ့ခြင်း ဖြစ်၏။

လီနင်သည် ဆင်ဘတ်မြို့၊ ဟိုက်စကူးကျောင်း၌ အတန်းကုန် သင်ကြား၍ စာမေးပွဲဖြေဆိုရာတွင် ထိပ်ဆုံးကအောင်မြင်သည့်အတိုင်း ၎င်း၏ထက်မြက်သော ဉာဏ်ရည်ဉာဏ်သွေးမှာ ထိုအခါကပင် ထင်ရှား

mgyoe.com

mgyoe.com


လာခဲ့၏။ အသက် ၁၇ နှစ်သားအရွယ်ကစ၍လည်း ကမ္ဘာကျော် ဂျာမန်ပညာရှိကြီးကားလ်မတ်ဆိုသူ၏ ဘုံဝါဒအကြောင်းစာအုပ်များကို အထူးသဖြင့် လေ့လာဖတ်ရှုခဲ့သေးသည်။

အစ်ကိုဖြစ်သူ အလက်ဇန္ဒားယူလယာနော့မှာ ဇာဘုရင်၏အသက်ကို လုပ်ကြံရာတွင် ပါဝင်သည်ဆိုပြီးလျှင် ကြိုးဒဏ်စီရင်ခြင်းခံခဲ့ရသည့်နေ့ကစ၍ လီနင်နှင့်တကွ ကျန်ညီအစ်ကိုမောင်နှမတစ်စုတို့မှာ နာမည်ပျက်လာကြသည့်အတိုင်း လီနင်မှာ ဆင်ဘတ်မြို့ ဟိုက်စကူးစာမေးပွဲတွင် ဝင်ရမည့်ဆဲဆဲ၌ ထုတ်ပစ်ခြင်းကိုပင် ခံခဲ့ရ၏။ သို့ရာတွင် ကျောင်းဆရာကြီးနှင့်တကွ သြဇာတိက္ကမရှိသူအချို့တို့၏ ထောက်ခံပြောဆိုချက်ဖြင့် ထိုစာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့ရလေသည်။

လီနင်၏စိတ်၌လည်း မိမိအစ်ကို ကြိုးဒဏ်စီရင်ခြင်းခံရသည့်နေ့ကစ၍ ဇာဘုရင်အပေါ်တွင် အနာကြီးနာလာခဲ့၏။ သို့သော် လီနင်မှာ ဇာဘုရင်နှင့် ၎င်း၏မှူးမတ်၊ အရာရှိတို့အား တိတ်တဆိတ်လျှို့ဝှက်၍ သတ်ဖြတ်ခြောက်လှန့်ခြင်းနည်းကို သဘောမကျဖြစ်၏။ ရုရှားနိုင်ငံတွင် ဇာဘုရင်ကိုဖြစ်စေ၊ မှူးမတ်၊ အရာရှိတစ်ဦးတစ်ယောက်ကိုဖြစ်စေ သတ်ဖြတ်ရုံမျှဖြင့် မကောင်းသောအုပ်ချုပ်ရေးကို ပြုပြင်ပြောင်းလဲစေနိုင်မည်မဟုတ်ဘဲ နိုင်ငံရှိပြည်သူဆင်းရဲသားအများတို့ ကိုယ်တိုင်က တညီတညွတ်တည်း နိုးကြားထကြွ ပုန်ကန်လာကြသည့်အခါမှ အလိုရှိသောအုပ်ချုပ်ရေးကို ရရှိနိုင်သည်ဟု ယုံကြည်စွဲမြဲခြင်းရှိ၏။

ဆင်ဘတ်မြို့မှာ မြို့ငယ်လေးတစ်မြို့ဖြစ်၍ ထိုမြို့လေးတွင် လီနင်သည် ရုရှားလူမျိုးအလုပ်သမား၊ ဆင်းရဲသား၊ တောင်သူအများတို့နှင့်တွေ့ဆုံရသည့်အပြင် ၎င်းတို့၏စားသောက်နေထိုင်ရေး အခြေအနေများကိုလည်း မျက်ဝါးထင်ထင် ကြည့်ရှုသိမြင်နိုင်ခွင့်ရရှိလာခဲ့လေသည်။

□

mgyoe.com

mgyoe.com

## တက္ကသိုလ်ကျောင်းနှင့် သူပုန်စိတ်

၁၈၈၇ ခုနှစ်၊ ဆောင်းဦးပေါက်စအချိန်တွင် လီနင်သည် ဆင်ဘတ်မြို့မှ ကားဇံမြို့ရှိ တက္ကသိုလ်ကျောင်းသို့ ဝင်ရောက်သင်ကြားခြင်းပြု၏။ လီနင်၏သဘောမှာ ထိုတက္ကသိုလ်ကျောင်းတွင် ဥပဒေပညာကို သင်ကြားရန်ဖြစ်လေသည်။ ကားဇံမြို့တက္ကသိုလ်ကျောင်းမှာလည်း ထိုခေတ်ထိုအခါက ဝင်ရောက်သင်ကြားသူတို့မှာ ယေဘုယျအားဖြင့် ကြွယ်ဝချမ်းသာသော သားသမီးများမဟုတ်ဘဲ အစိုးရ ရာထူး ဌာနန္တရတို့တွင် ဝင်ရောက်ထမ်းရွက်နိုင်ရန် စာမေးပွဲအောင်လက်မှတ်ရရှိရုံမျှသာဖြစ်ကြ၏။ ၎င်းအပြင် ထိုတက္ကသိုလ်ကျောင်းသားတို့မှာ တက္ကသိုလ်ကျောင်းနှင့် မလျော်အောင် အစားအသောက် အနေအထိုင် အောက်ကျ၍ မကောင်း ညံ့ဖျင်းခြင်းဖြစ်ရကား၊ ထိုအခြေအနေမျိုးတွင် သဘာဝဓမ္မအတိုင်း စိတ်ရောင့်ရဲကျေနပ်ခြင်းမရှိနိုင်ဘဲ တော်လှန်ပုန်ကန်လိုသောသဘောတို့သည် အလိုအလျောက် ပေါ်ပေါက်လာကြလေသည်။ သို့ကြောင့် ရုရှားနိုင်ငံအစိုးရတို့ကလည်း ထိုတက္ကသိုလ်ကျောင်းသားတို့အား အထူးသဖြင့် စောင့်ကြပ်ကြည့်ရှုလျက် ရှိနေလေ၏။

လီနင်မှာလည်း ထိုတက္ကသိုလ်ကျောင်းသို့ ရောက်လာသောအခါ

mgyoe.com

mgyoe.com


ဇာဘုရင်၏အသက်ကို လုပ်ကြံရာတွင် ပါဝင်သူတစ်ယောက်၏ညီဖြစ်နေခြင်းကြောင့် အစိုးရစုံထောက်ဘက်မှ အထူးသဖြင့် စောင့်ကြပ် ကြည့်ရှုခြင်းကို ခံနေရ၏။ ထိုအတောအတွင်း ထိုတက္ကသိုလ်ကျောင်းမှ ကျောင်းသားများ လှုပ်ရှားထကြွလာခဲ့သည်တွင် လီနင်မှာ ခေါင်းဆောင်သည်ဆိုပြီးလျှင် ကောကုကိနိုးဆိုသောနယ်သို့ နှင်ထုတ်ခြင်းခံရလေ၏။

ထိုအခါ လီနင်မှာ ဥပဒေပညာကို တစ်ပိုင်းတစ်စသာလျှင် သင်ကြားခဲ့ရသည့်အတိုင်း အခြားတက္ကသိုလ်ကျောင်းသို့ ဝင်ရောက်သင်ကြားခွင့်ပြုရန် အတန်တန် လျှောက်ထားသော်လည်း မရဖြစ်ရကား၊ မိမိဘာသာ ကြိုးစားပြီးလျှင် စိန့်ပီတာစဘတ်မြို့တော်ရှိ တက္ကသိုလ်ကျောင်း ဥပဒေစာမေးပွဲတွင် အလွတ်ပညာသင်အဖြစ်ဖြင့် ၁၈၉၀ ပြည့်နှစ်၌ ဝင်ရောက်ဖြေဆိုလေရာ အောင်မြင်လာခဲ့၏။

လီနင်သည် ဥပဒေပညာကို သင်ကြားသော်လည်း ထိုဥပဒေပညာဖြင့် အသက်မွေးမြူရန် စိတ်မရှိဘဲ ကားလ်မတ်ရေးသားသော ဘုံဝါဒအကြောင်း စာအုပ်တို့၌သာလျှင် စိတ်ဝင်စားလျက် ရှိလေသည်။

ကားလ်မတ်ဆိုသူ ကမ္ဘာကျော်ဂျာမန်ပညာရှိကြီးမှာ ၁၆၁၈ ခုနှစ်တွင် ဂျာမနီနိုင်ငံ၌ ဖွားမြင်၍ ၁၈၇၃ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော်၌ ကွယ်လွန်အနိစ္စရောက်၏။ ၎င်း၏ဖခင်မှာ ရဟူဒီလူမျိုးတို့မှ ဆင်းသက်ပေါက်ဖွားသူဖြစ်၍ ခရစ်ယာန်ဘာသာအား ကိုးကွယ်ပြီးလျှင် ရှေ့နေအလုပ်ဖြင့် အသက်မွေးမြူသူဖြစ်၏။ ကားလ်မတ်သည် ဂျာမနီနိုင်ငံ တက္ကသိုလ်ကျောင်းတွင် ဥပဒေပညာကို သင်ကြားခဲ့သည့်ပြင် ရာဇဝင်နှင့် ဖိလိုဆိုဖီခေါ် ကျိုးကြောင်းဆင်ခြင်တုံပညာများကိုလည်း အထူးသဖြင့် လိုက်စားခဲ့၏။

၎င်းပြင် လီနင်ကဲ့သို့ပင် ဥပဒေပညာကို သင်ကြားခဲ့သော်လည်း ဥပဒေပညာဖြင့် အသက်မွေးမြူခြင်းမပြုဘဲ ဂျာမနီနိုင်ငံ၊ တက္ကသိုလ်

mgyoe.com

mgyoe.com


ကျောင်းတစ်ကျောင်းတွင် ဖီလိုဆိုဖီခေါ် ကျိုးကြောင်းဆင်ခြင်တုံ ပညာဆိုင်ရာ ကထိကဆရာအဖြစ်ဖြင့် ဝင်ရောက်လုပ်ကိုင်ခဲ့၏။ သို့ရာတွင် ကားလ်မတ်မှာ ဖီလိုဆိုဖီခေါ် ကျိုးကြောင်းဆင်ခြင်တုံပညာနှင့် ပတ်သက်၍ အခြားသူတို့ကဲ့သို့ ရိုးရိုးမဟုတ်ဘဲ အထင်အမြင် အယူအဆ ကျယ်ဝန်းလာသည့်အပြင် ဟုတ်တိုင်းမှန်ရာကိုလည်း ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုတတ်သောကြောင့် ၎င်းအား ဂျာမနီနိုင်ငံပညာရေးဌာနက မလိုလား မနှစ်သက်ဖြစ်ပြီးလျှင် ထိုပညာရေးနှင့် သက်ဆိုင်သောရာထူးဌာနဍ္ဍရတို့တွင် ဝင်ရောက်ထမ်းရွက်နိုင်ခွင့်မရှိအောင် ပိတ်ပင်ခြင်းပြုထား၏။ ထိုပိတ်ပင်သည့်အတိုင်း ကားလ်မတ်သည် အသက်မွေးဝမ်းကျောင်းအတွက် ကလောင်ကို အသုံးပြုလာခဲ့ပြီးလျှင် ဘုံဝါဒအကြောင်းကို မိမိသဘောပေါက်သလောက် ရေးသားပြောဆိုလာခဲ့လေ၏။

ရုရှားနိုင်ငံ တက္ကသိုလ်ကျောင်းက လီနင်အပေါ်ပြုမူပုံနှင့် ဂျာမနီနိုင်ငံတက္ကသိုလ်ကျောင်းက ကားလ်မတ်အပေါ်ပြုမူပုံတို့သည် ထိုပုဂ္ဂိုလ်နှစ်ဦးတို့အား ကမ္ဘာ့ရာဇဝင်တွင် မှတ်တမ်းတင်လောက်အောင် ဖြစ်လာစေရန် လမ်းခင်းပေးလိုက်သည်နှင့် တူလေသည်။

ကားလ်မတ်မှာ ဘုံဝါဒအကြောင်းကို ရေးသားပြောဆိုခဲ့ရုံမျှသာ ရေးသားပြောဆိုခဲ့၍ ထိုဝါဒ နည်းစနစ်အတိုင်း ထိထိရောက်ရောက်ဖြစ်မြောက်အောင် ဆောင်ရွက်လာသူမှာကား လီနင်ဆိုသူဖြစ်၏။ သို့ရာတွင် ကားလ်မတ်ရေးသားပြောဆိုခဲ့သော ဘုံဝါဒအကြောင်းကို ထိုခေတ်ထိုအခါက ကောင်းစွာ နားမလည်ခဲ့ကြသော်လည်း ကြားသိသမျှ ပြည်သူဆင်းရဲသားတိုင်းလိုပင် အားရဝမ်းသာဖြစ်ကာ ငါတို့၏ လွတ်မြောက်ရေး တရားပါပေတကားဟု မှတ်ယူခဲ့ကြလေသည်။

ဘုံဝါဒနှင့်ပတ်သက်၍ ကားလ်မတ်၏ ရေးသားပြောဆိုချက်မှာ အချုပ်အားဖြင့် တိုင်းပြည်တွင် ဓနရှင်တို့က အလုပ်သမားတို့အား တိရစ္ဆာန်

mgyoe.com

mgyoe.com


နှင့်မခြား၊ မသေရုံကျွေးမွေး၍ ခိုင်းစေနေကြငြားသော်လည်း နောက်ဆုံး တစ်နေ့၌ ထိုဓနရှင်တို့သည် အသတ်သမားတို့၏လက်ချက်ဖြင့်ပင် ပျက်စီးကြရမည့်အကြောင်း၊ ၎င်းပြင် ရာဇဝင်၏အစီအစဉ်အတိုင်း ပြည်သူ ဆင်းရဲသားအလုပ်သမားတို့သာ မိမိတို့တိုင်းပြည်ကို မိမိတို့ကြီးမှူး အုပ်ချုပ်စီမံသူတို့ ဖြစ်လာကြမည့်အကြောင်း ဖြစ်၏။

ဤကဲ့သို့ ကမ္ဘာပေါ်ရှိ တိုင်းနိုင်ငံအရပ်ရပ်တို့၌ ဓနရှင်တို့ ပျက်စီး၍ ပြည်သူဆင်းရဲသားအလုပ်သမားအများတို့က ကြီးမှူးအုပ်ချုပ်လာ မည့်အကြောင်းကို ထိုခေတ်ထိုအခါကပင် ကြိုတင်ဟောပြောခဲ့သော ကားလ်မတ်အား ကမ္ဘာပေါ်ရှိ ပြည်သူဆင်းရဲသားအများတို့က ဘုရား၏ တမန်တော်ကြီးကဲ့သို့ ထင်မြင် အောက်မေ့ခဲ့ကြ၏။

အင်္ဂလန်နိုင်ငံတွင် အလုပ်သမား အသင်းအပင်းများ ပေါ်ပေါက် လာသည်မှာ အခြားပညာရှိတို့ ရေးသောစာအုပ်များထက် ကားလ်မတ် ရေးသားသော ဘုံဝါဒအကြောင်း စာအုပ်တို့ကြောင့်ဖြစ်၏။ သို့ရာတွင် အင်္ဂလန်နိုင်ငံ၌ 'လေဘာ' ခေါ် အလုပ်သမားအသင်းကို စတင်ဖွဲ့စည်း ခဲ့သော 'ကီရာဟာဒီ' ဆိုသူနှင့် 'ရောဘတ်ဆမီလီ' ဆိုသူနှစ်ဦးတို့မှာ ကားလ်မတ်ရေးသားသော ဘုံဝါဒအကြောင်းကို အရိပ်အငွေ့မျှ မဖော်ပြ ဘဲ လောဘရမ္မက်အားကြီးသော ဓနရှင်တို့၏ရန်ကို နှိမ်နင်းရန် အလုပ် သမား ဆင်းရဲသားတို့က ညီညွတ်စည်းလုံးကြရမည်ဟူ၍သာလျှင် ပြောဟောခြင်းပြုလေသည်။

❐

mgyoe.com

mgyoe.com

## ဥပဒေပညာဖြင့် အသက်မမွေးလိုကြောင်း

ဖော်ပြခဲ့သည့်အတိုင်း ကားလ်မတ်ရေးသားသော ဘုံဝါဒအကြောင်း စာအုပ်စာတမ်းတို့ကို လီနင်သည် ကောကုကီနိုးဆိုသောနယ်သို့ နှင်ထုတ်ခြင်းခံနေရသည့်အတွင်းတွင် များစွာ လေ့လာဖတ်ရှုခွင့်ရရှိခဲ့၏။ လီနင်သည် ကားလ်မတ်ရေးသားသော ဘုံဝါဒအကြောင်းတွင် များစွာစိတ်အာရုံဝင်စားလာခဲ့ပြီးနောက် မိမိ၏အသက်မွေးဝမ်းကျောင်းအတွက် ရှေးဦးစွာ ဘမာရာမြို့ရှိ ဝတ်လုံတစ်ဦးထံတွင် ဝင်ရောက်အလုပ်လုပ်ခဲ့၍ ၁၈၉၃ ခုနှစ်တွင် ပီတာစဘတ်မြို့တော်သို့ တစ်ဖန် ရွှေ့ပြောင်းပြီးလျှင် ဝတ်လုံတစ်ဦးနှင့် တွဲဖက်လုပ်ကိုင်ပြန်လေသည်။

သို့သော် ဥပဒေပညာဖြင့် အသက်မွေးမြူရခြင်းကို မနှစ်သက်သည့်အတိုင်း အသက် ၂၃ နှစ်အရွယ်သို့ ရောက်သောအခါ ပီတာစဘတ်မြို့တော်တွင် ဆိုရှယ်လစ်အသင်းသားအချို့တို့နှင့် ပေါင်းသင်းဆက်ဆံခြင်းပြုလာခဲ့၏။ ရုရှားနိုင်ငံရှိ ဆိုရှယ်လစ်အသင်းမှာ ဥရောပတိုက် အခြားတိုင်းနိုင်ငံရှိ ဆိုရှယ်လစ်အသင်းများကဲ့သို့ပင် ထိုစဉ်အခါက ပိုင်းခြားသတ်မှတ်ထားသော ရည်ရွယ်ချက်နှင့် စည်းစနစ်ကျကျနန စီမံဆောင်ရွက်ခြင်း မရှိဖြစ်၏။ သို့ဖြစ်သည့်အတိုင်း ရုရှားနိုင်ငံရှိ ပြည်သူ

mgyoe.com

mgyoe.com


ဆင်းရဲသား အလုပ်သမားအများတို့အား လှုပ်ရှားထကြွအောင် လှုံ့ဆော်ပေးခြင်းအပြင် ဇာဘုရင်နှင့် ၎င်း၏မှူးမတ်၊ အရာရှိတို့၏ အသက်ကို လုပ်ကြံရန် လျှို့ဝှက်ကြံစည်ခြင်းပြုကြလေသည်။ ဤကဲ့သို့ လျှို့ဝှက်ကြံစည်သော အသင်းသားတို့သည် ဒုတိယမြောက် အလက်ဇန္ဒားဇာဘုရင်၏အသက်ကို လုပ်ကြံရာတွင် ထမြောက်အောင်မြင်ခဲ့၏။ ထိုအခါ တတိယမြောက် အလက်ဇန္ဒားဇာဘုရင်တစ်ပါး စိုးစံလာခဲ့သည်တွင် ဆိုခဲ့သော အသင်းအပင်းများကို အပြင်းအထန် ဖိစီးနှိပ်ကွပ်လာပြီးလျှင် ထိုပူပြင်းသော အသင်းသားအချို့တို့အား ဆီးနှင်းများနှင့် အလွန်အေးမြသော ဆိုက်ဗေးရီးယားနယ်သို့ အကျယ်ချုပ်ပို့ထားခြင်းဖြင့် အသက်ကို တိုစေလေ၏။

ထိုသို့ ရုရှားနိုင်ငံအစိုးရတို့က ဆိုရှယ်လစ်အသင်းအပင်းများကို ဖိစီး နှိပ်ကွပ်လာခဲ့သည်တွင် အလုပ်သမား၊ ဆင်းရဲသားအများ ကြိုက်နှစ်သက်အောင်လည်း နိုင်ငံ၌ မီးရထားလမ်းဖောက်လုပ်ခြင်း၊ ကျောက်မီးသွေးတွင်း၊ သံတွင်း စသဖြင့် တူးဖော်ခြင်း၊ အလုပ်များကို အကြီးအကျယ်ဖွင့်လှစ်ခဲ့ရာ အလုပ်သမား ဆင်းရဲသားအမြောက်အမြားတို့သည် ထိုလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်လာကြလေ၏။

ထိုအခါ အလုပ်သမား ဆင်းရဲသားများအထဲတွင် ဆိုရှယ်ဒီမိုကရက်အသင်းဟူ၍ ပေါ်ပေါက်လာသည့်အတိုင်း ထိုအသင်းတွင် လီနင်ကိုယ်တိုင် ပါဝင်လာခဲ့၏။ သို့ရာတွင် ယခင်ကတည်ရှိခဲ့သော သတ်ဖြတ်ခြိမ်းခြောက်၍ အုပ်ချုပ်နည်းကိုလိုလားသူ ဂိုဏ်းသားတို့မှာလည်း တည်ရှိမြဲတည်ရှိနေခဲ့ရာ ထိုဂိုဏ်းနှင့် လီနင်မှာ ရံဖန်ရံခါ သဘောချင်းမတိုက်ဆိုင်ဘဲ အချင်းများလာခဲ့၏။

လီနင်၏သဘောမှာ ဇာဘုရင်နှင့်တကွ မှူးမတ်အရာရှိတစ်ဦးတစ်ယောက်အား သတ်ဖြတ်ပစ်ရုံမျှဖြင့် အုပ်ချုပ်ရေးနည်းစနစ်ကို ပြုပြင်

mgyoe.com

mgyoe.com


ပြောင်းလဲ၍မရနိုင်ကြောင်း ကောင်းစွာသိရှိ၏။ သို့သိရှိသည့်အတိုင်း လီနင်သည် ဆိုရှယ်လစ်ဒီမိုကရက်အသင်းဝင်တို့အား ဇာဘုရင်၏ ဖိစီးနှိပ်ကွပ်ပုံဆိုးဝါးခြင်း၊ မှူးမတ်အရာရှိတို့၏ စီမံဆောင်ရွက်ပုံ မတရားခြင်း၊ ဓနရှင်တို့နှင့် မြေပိုင်ရှင်တို့၏ ကိုယ်ကျိုးအတွက် တစ်ဖက်သတ်လုပ်ကိုင်ပုံ မကောင်းခြင်း စသည်များကိုသာလျှင် အမြဲမပြတ် ဟောပြောလာခဲ့လေသည်။

၁၈၉၄ ခုနှစ်သို့ ကျရောက်သောအခါ ရုရှားနိုင်ငံတွင် ဒုတိယမြောက် နိကလက်ဘွဲ့တော်ဖြင့် ဇာဘုရင်တစ်ပါး နန်းတက်လာ၏။ သို့သော် ရုရှားနိုင်ငံတွင် ဇာဘုရင်အသစ်တစ်ပါး ပြောင်းလဲစိုးစံလာသော်လည်း အုပ်ချုပ်ရေးနည်းစနစ်မှာ ပြုပြင်ပြောင်းလဲခြင်း မရှိသည့်ပြင် လီနင်နှင့်တကွ ဆိုရှယ်ဒီမိုကရက်အသင်းသားအချို့တို့အား ပုလိပ်တို့က မျက်ခြည်မပြတ်အောင် အထူးစောင့်ကြပ်ကြည့်ရှုလာကြပြန်၏။ ထိုအခါ လီနင်မှာ ဆိုရှယ်ဒီမိုကရက်အသင်းအတွက် ပြောဟောဆောင်ရွက်ခြင်းတို့ကို ပုလိပ်စုံထောက်တို့ မသိနိုင်အောင် အလွန်ပုန်းလျှိုးကွယ်ဝှက်လျက် မြေကြီးထဲ၌ ဖောက်လုပ်ထားသော မြေတိုက်ကြီးများတွင် ပြုလုပ်လာရလေသည်။

ဆိုခဲ့သော ဒုတိယမြောက် နိကလက်ဇာဘုရင် ထီးနန်းတက်လာသော ၁၈၉၄ ခုနှစ်၌ပင် လီနင်သည် 'ပြည်သူ့မိတ်ဆွေ' ဆိုသော စာတမ်းတစ်ခုကို ရေးသားထုတ်ဝေခြင်းပြုလေရာ ဆိုရှယ်ဒီမိုကရက်အသင်းဝင်တို့သာမက အခြားအသင်းသားတို့ပါ အမြတ်တနိုး ဖတ်ရှုလာကြ၏။

'ပြည်သူ့မိတ်ဆွေ' ဆိုသော စာတမ်းမှာ ရုရှားနိုင်ငံတွင် ပြည်သူဆင်းရဲသားအများတို့၏ လွတ်မြောက်ချမ်းသာရေးအတွက် ရည်ရွယ်ချက်နှင့်တကွ လုပ်ကိုင်ဆောင်ရွက်ရန် နည်းလမ်းတို့ကိုပါ သေသေချာချာ ရှင်းလင်းစွာ ဖော်ပြပါရှိကြောင်း၊ ထိုစာတမ်းကို ထုတ်လိုက်သည်နှင့်

mgyoe.com

mgyoe.com


တစ်ပြိုင်နက် လူအမြောက်အမြား ဖတ်ရှုလာကြရာ ပုံနှိပ်၍ပင် မလောက်င အောင်ဖြစ်ကြောင်း၊ အထူးသဖြင့် ထိုစာတမ်းမှာ ကားလ်မတ် ပညာရှိကြီး ၏ ဘုံဝါဒအကြောင်းကို အခြေခံလျက် ရေးသားထားသည်ဖြစ်သော ကြောင့် ဘုံဝါဒကို နှစ်သက်လိုလားသူတို့ကလည်း အထူးနှဂ်သက် သဘောကျလာကြကြောင်း၊ ကျွန်မ၏ အခလွတ် ပညာသင်ကျောင်းတွင် ထိုစာတမ်းကို သင်ခန်းစာသဖွယ် ပြုလုပ်လာခဲ့ကြောင်းစသဖြင့် လီနင်၏ ဇနီး ကရပ်ကရားဆိုသော ရုရှားအမျိုးသမီးက ထုတ်ဖော်ပြောဆိုလေ သည်။

ထိုခေတ် ထိုအခါက ရှိကြသော အခလွတ်ကျောင်းများမှာလည်း နေ့စဉ်မဖွင့်ဘဲ တနင်္ဂနွေနေ့ ညနေတိုင်းသာ ဖွင့်လှစ်သင်ကြားသည်ဖြစ်၍ အလုပ်သမားထဲမှ များစွာ တက်ရောက် သင်ကြားခြင်းပြုကြ၏။ ထိုကျောင်းမျိုးတွင် လီနင်မှာ မိမိ၏အယူဝါဒတို့ကို ဟောပြောရန် အခွင့် များစွာသာလေသည်။ လီနင်သည် မိမိအယူဝါဒကို ဟောပြောရာ၌ တစ်ဖက်သား စိတ်ဝင်စားလောက်အောင် ဟောပြောနိုင်သော သတ္တိထူး ရှိသည့်အပြင် ဟောပြောသမျှမှာလည်း အပြောသာမဟုတ် အလုပ်ပါ လုပ်၍ ဖြစ်မြောက်နိုင်ရန်နည်းများဖြစ်၏။

ထိုသို့ဟောပြောလာခဲ့ရာ ၁၈၉၅ ခုနှစ်သို့ တိုင်ရောက်သကာလ မကျန်းမမာဖြစ်လာသည့်အတိုင်း နိုင်ငံခြားသို့ သွားရောက်၍ ဆေးဝါး ကုသရန် နိုင်ငံကူးလက်မှတ်ကို အစိုးရတို့ထံမှတောင်းယူပြီးသော် ဂျာမနီ နိုင်ငံ ဘာလင်မြို့တော်သို့ ထွက်ခွာသွားလေ၏။

ဘာလင်မြို့တော်သို့ရောက်သည့်နောက် ဆေးဝါးကုသ၍ ကျန်းမာ သည့်အခါ ရုရှားနိုင်ငံသို့ ရုတ်တရက်မပြန်သေးဘဲ ဂျာမန်အလုပ်သမား အသင်းအစည်းအဝေးများသို့ ရံဖန်ရံခါ သွားလာတက်ရောက်ခြင်း ပြုသည့်အပြင် ထိုဂျာမန်အလုပ်သမားတို့၏အခြေအနေကိုလည်း စုံစမ်း

mgyoe.com

mgyoe.com


ကြည့်ရှုခြင်းပြုလုပ်၏။ ထို့နောက် ဆွတ်ဇာလန်နိုင်ငံ၊ ဂျီနီဝါးမြို့သို့ တစ်ဖန် သွားရောက်ပြီးလျှင် ရုရှားနိုင်ငံမှပြည်နှင်ဒဏ်ခံနေရသော ဆိုရှယ်ဒီမိုကရက်အသင်း ခေါင်းဆောင်ကြီးဖြစ်သူ ပလက်ကနော့ဗ်ဆိုသူနှင့် သွားရောက်တွေ့ဆုံလေ၏။

ထိုခေါင်းဆောင်ကြီးနှင့် တွေ့သောအခါ အကြံသစ် ဉာဏ်သစ်များအပြင် ရုရှားနိုင်ငံတွင် ဆိုရှယ်ဒီမိုကရက်အသင်းအတွက် သတင်းစာတစ်စောင်ထုတ်ဝေရန် ပုံနှိပ်စက်ကိရိယာများ ပါရှိလာ၏။ လီနင်သည် ထိုပုံနှိပ်စက်ကိရိယာများကို ရုရှားနိုင်ငံတွင်းသို့ သွင်းယူရန် အခက်အခဲများစွာတွေ့ကြုံသော်လည်း သွင်းယူဖြစ်အောင် သွင်းယူခဲ့ပြီးနောက် ၁၈၉၅ ခုနှစ် ကုန်ခါနီးတွင် ပီတာစဘတ်မြို့တော်မှနေ၍ သတင်းစာတစ်စောင်ကို 'အလုပ်သမား' ဆိုသောအမည်ဖြင့် စတင်ထုတ်ဝေခဲ့ရာ နောက်မကြာမီပင် လီနင်နှင့်တကွ ပုံနှိပ်ထုတ်ဝေသူအချို့တို့မှာ ဖမ်းဆီးပြီးလျှင် ချုပ်နှောင်ခြင်း ခံလာရ၏။

❑

mgyoe.com

mgyoe.com

## အကျယ်ချုပ်ပို့ခြင်း

ရုရှားနိုင်ငံတွင် ဆိုရှယ်လစ်အသင်းဝင်များ ဖမ်းဆီးချုပ်နှောင်ခြင်း ခံရသည်မှာ အထူးအဆန်း မဟုတ်ဘဲ ရိုးနေပြီဖြစ်၏။ လီနင်မှာလည်း အကျဉ်းထောင်တွင် ဖမ်းဆီးချုပ်နှောင်ခြင်းခံနေစဉ် အပြင်ဘက်ရှိ ဆိုရှယ်ဒီမိုကရက်အသင်းဝင်တို့အတွက် အကြံဉာဏ်တို့ကို မပြတ်မလပ် ပေးကမ်းနိုင်သည့်အပြင် ရုရှားနိုင်ငံဓနရှင်တို့၏ ဝါဒအကြောင်းနှင့် စပ်လျဉ်း၍လည်း စာတစ်အုပ်ကို ရေးသားခြင်းပြုလေသည်။

ဤကဲ့သို့ အကျဉ်းထောင်တွင် ဖမ်းဆီးချုပ်နှောင်၍ တစ်နှစ်ခန့် ကြာရှိသောအခါ ၎င်းအား ဆိုက်ဗေးရီးယားနယ်သို့ အကျယ်ချုပ်ပို့စေရန် အမိန့်ကျလာလေ၏။ လီနင်သည် ထိုအမိန့်ကျရောက်လာသောအခါ ငါ၏စာအုပ်မပြီးမီ အကျဉ်းထောင်မှ အဘယ့်ကြောင့် မြန်မြန် ထုတ်ချင်ပါသနည်းဟု ပြက်ရယ်စကားပြောကြားခဲ့၏။

လီနင်မှာ အကျဉ်းထောင်မှထုတ်၍ ဆိုက်ဗေးရီးယားနယ်သို့ အပို့ခံရပြီးသည့်နောက် မကြာမီအတွင်း ကရုပ်ကရာဆိုသော ရုရှားအမျိုးသမီးမှာ ထိုအကျဉ်းထောင်သို့ပင် ကျလာပြန်ရာ လီနင်နှင့် မတွေ့လိုက်ရဖြစ်၏။

လီနင်ကို ဆိုက်ဗေးရီးယားနယ်သို့ အကျယ်ချုပ်ပို့သော ခုနှစ်

mgyoe.com

mgyoe.com


သက္ကရာဇ် မှာ ၁၈၉၇ ခုနှစ် ဇန်နဝါရီလဖြစ်၏။ လီနင်သည် ဆိုက်ဗေးရီးယားနယ်တွင် အကျယ်ချုပ်ပို့ထားခြင်းခံရသည့်အခါ ရေနီစီမြစ်ကမ်းခြေရှိ ရှုဆင်ကော်လွဲဆိုသောရွာ၌ တိုက်ခန်းကလေး တစ်ခန်းငှား၍နေရလေရာ ၎င်းမှာ အစိုးရကထောက်ပံ့ပေးကမ်းသော စရိတ်ကြေးငွေအနည်းငယ်မျှဖြင့် မလုံမလောက် စားသောက်နေထိုင်ရလေ၏။ သို့ရာတွင် လီနင်မှာ ဆင်းရဲဒုက္ခအမျိုးမျိုးတို့ကို တွေ့ကြုံခဲ့ရဖူးသူဖြစ်သည့်အတိုင်း ထိုမလုံမလောက်သော စရိတ်ကြေးငွေလေးမျှနှင့်ပင် ပျော်ရွှင်စွာနေထိုင်လေ့ရှိ၏။ ထိုရွာကလေးရှိ ရွာသူရွာသားတို့နှင့်လည်း အကျွမ်းတဝင် ချစ်ခင်ရင်းနှီးဖြစ်လာသောကြောင့် နေ့တိုင်းလိုပင် စစ်တုရင် ကစားလေ့ရှိလေသည်။

၁၉၀၀ ပြည့်နှစ်သို့ ကျရောက်သကာလ လီနင်မှာ ဆိုက်ဗေးရီးယားနယ်တွင် အကျယ်ချုပ်ပို့ထားရာမှ လွတ်မြောက်လာသည့်အတိုင်း ရုရှားနိုင်ငံသို့ ပြန်လည်နေထိုင်ခွင့်ရလာ၏။ ထိုအခါ လီနင်မှာ အသက်သုံးဆယ်အရွယ်သို့ ရောက်ရှိပြီးဖြစ်သည့်ပြင် ရုရှားနိုင်ငံ ဆိုရှယ်ဒီမိုကရက်အသင်းတွင်လည်း အများကြည်ညိုလေးစားသူတစ်ဦး ဖြစ်လာရကား အစိုးရ စုံထောက်များက ၎င်းအား မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလာကြ၏။

လီနင်မှာ ရုရှားနိုင်ငံသို့ ပြန်လည်နေထိုင်ခွင့်ရရှိသော်လည်း ပီတာစဘတ်မြို့တော်၌ နေထိုင်ခွင့်မရဘဲ ပက်စကောမြို့ကလေး၌သာ နေထိုင်ခွင့်ရသောကြောင့် ထို ၁၉၀၀ ပြည့်နှစ် ဖွန်လထဲတွင် ပီတာစဘတ်မြို့တော်သို့ တိတ်တဆိတ်သွားရောက်လေရာ ပုလိပ်တို့က ဖမ်းမိ၍ ဆယ်ရက်ခန့်ချုပ်ထားပြီးနောက်မှ လွှတ်လိုက်လေသည်။

နောက်များမကြာမီ ပက်စကောမြို့တွင် ဆိုရှယ်ဒီမိုကရက် အစည်းအဝေးတစ်ခုကို ကျင်းပပြုလုပ်လာသောအခါ ထိုအစည်းအဝေးက လီနင်

mgyoe.com

mgyoe.com


နှင့်တကွ အခြားအသင်းဝင်နှစ်ဦးတို့အား နိုင်ငံခြားသို့ နှင်ထုတ်ခြင်းခံနေရသူ ပလက်ကနော့ဆိုသူ ခေါင်းဆောင်ကြီးနှင့် သွားရောက်တွေ့ဆုံ၍ နောက်ထပ် သတင်းစာအသစ်တစ်စောင် ထုတ်ဝေရန် အကြံညာဏ်တောင်းဖို့ရာ ဆုံးဖြတ်စေလွှတ်ခြင်း ပြုလေ၏။ ထိုသို့ အစည်း အဝေးက ဆုံးဖြတ်သည့်အတိုင်း လီနင်သည် ဆွတ်ဇာလန်နိုင်ငံသို့ မထွက်ခွာမီ ပို့ဒေါလက်မြို့ရှိ ၎င်း၏မိခင်ထံ ခေတ္တသွားရောက်တွေ့ဆုံပြီးနောက် ၁၉၀၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့ကျရောက်မှ ထွက်ခွာသွားလေ၏။

လီနင်သည် ရုရှားနိုင်ငံမှ ထွက်ခွာခဲ့ရာ ဂျာမနီနိုင်ငံသို့ ရောက်သကာလ ဂျာမန်အလုပ်သမားတို့၏အခြေအနေမှာ ယခင်ကထက် တိုးတက်သာလွန်လျက်ရှိကြောင်း တွေ့ရ၍ ထိုဂျာမန်အလုပ်သမားအချို့တို့နှင့် ရံဖန်ရံခါ တွေ့ဆုံဆွေးနွေးခြင်းပြုလုပ်သည်တွင် ဂျာမန်စုံထောက်တို့၏ လက်မှလွတ်မြောက်ရန်လည်း အထူးသတိဝီရိယဖြင့် ပုန်းလျှိုးနေရလေသည်။

နောက်လေးလခန့်ကြာရှိသောအခါ လီနင်၏ဇနီးဖြစ်သူ ကရုပ်ကရားဆိုသော ရုရှားအမျိုးသမီးသည် ဂျာမနီနိုင်ငံရှိ လီနင်ထံ စုံစမ်းမေးမြန်း၍ လိုက်လာလေ၏။ ကရုပ်ကရားက မိမိသည် ဂျာမနီနိုင်ငံ၌ လီနင်ကို လိုက်၍ရှာဖွေခဲ့ရာ လက်ဦးပထမ သဲလွန်စ မရသကဲ့သို့ ဖြစ်ပြီးသည့်နောက်မှ မြူနစ်မြို့ ဂျာမန်အလုပ်သမားအချို့ထံမှ သတင်းအရဖြင့် ရှာဖွေတွေ့ရှိလာခဲ့သည်ဟု ၎င်း၏မှတ်တမ်းတွင် ဖော်ပြလေသည်။ လီနင်သည် မိမိ၏ဇနီးသည် ရောက်ရှိလာသည့်နောက် အကူအညီ များစွာရရှိသည့်အတိုင်း မိမိ၏အလုပ်မှာ တိုး၍ တွင်ကျယ်လာ၏။

❒

mgyoe.com

mgyoe.com

# ဆိုရှယ်ဒီမိုကရက် အသင်းချုပ်ကြီး

ရုရှားနိုင်ငံတွင် ဆိုရှယ်ဒီမိုကရက်အသင်းများသည် တကွဲတပြားတည်ရှိနေခဲ့ကြရာ ဗဟိုအဖွဲ့ချုပ်ကြီးဟူ၍ဖွဲ့ပြီး မရှိသေးသောကြောင့် အလုပ်ကို ထိထိရောက်ရောက် လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း မရှိဖြစ်၏။ သို့ဖြစ်၍ လွန်ခဲ့သော ၁၈၉၈ ခုနှစ်၊ မင့်မြို့၌ ကျင်းပသော ကွန်ဖရင့်အစည်းအဝေးကြီးက ဆုံးဖြတ်ခဲ့သည့်အတိုင်း ရုရှားတစ်နိုင်ငံလုံးဆိုင်ရာ ဆိုရှယ်ဒီမိုကရက် ဗဟိုအဖွဲ့ချုပ်ကြီးတစ်ခုကို ဖွဲ့စည်းတည်ထောင်ရန် လိုလာလေသည်။

ထိုကွန်ဖရင့်အစည်းအဝေးကြီးမှာ ကိုယ်စားလှယ်များ စုံညီစွာ မတက်ရောက်နိုင်ကြသော်လည်း နိုင်ငံခြားသို့ နှင်ထုတ်ခြင်းခံနေရသူ ပလက်ကနော့ဆိုသူ ခေါင်းဆောင်ကြီးအား အကြီးဥက္ကဋ္ဌအဖြစ်ဖြင့် အသိအမှတ်ပြုလုပ်ရန် ဆုံးဖြတ်ချက်ရှိခဲ့လေရာ ပလက်ကနော့ဆိုသူ ထိုခေါင်းဆောင်ကြီးမှာလည်း အသက်လေးဆယ့်နှစ်နှစ်ခန့် အရွယ်ကောင်းအချိန်ဖြစ်သည့်အပြင် ရုရှားနိုင်ငံတွင် ကားလ်မတ်ဆိုသူ ဂျာမန်ပညာရှိကြီး၏ ဘုံဝါဒအတိုင်း စထွင်စီမံခဲ့သူဖြစ်သောကြောင့် လီနင်နှင့်တကွ ဆိုရှယ်ဒီမိုကရက်အသင်းဝင်အားလုံးတို့ကပင် ကြည်ညိုလေးစားခြင်း ခံရ၏။

သို့ရာတွင် လီနင်နှင့် ပလက်ကနော့ဆိုသူ ခေါင်းဆောင်ကြီးသည်

mgyoe.com

mgyoe.com


ရုရှားနိုင်ငံ ဆိုရှယ်ဒီမိုကရက်အသင်းအတွက် နောက်ထပ် သတင်းစာအသစ် တစ်စောင်ကို ဂျာမနီနိုင်ငံ မြူနစ်မြို့မှ ထုတ်ဝေသင့်သည်၊ သို့မဟုတ် ဆွတ်ဇာလန်နိုင်ငံ ဂျီနီဝါးမြို့မှ ထုတ်ဝေသင့်သည်ကို သဘောချင်းမတူ ကွဲလွဲလာခဲ့သော်လည်း နောက်ဆုံး၌ လီနင် အလိုရှိသည့်အတိုင်း မြူနစ် မြို့မှ ထုတ်ဝေရန်ဆုံးဖြတ်လာကြ၏။ ထိုဆုံးဖြတ်ချက်အတိုင်း လီနင် သည် သတင်းစာတစ်စောင် ထုတ်ဝေရန် မြူနစ်မြို့၌ စီစဉ်နေရာချပြီးလျှင် မိမိကိုယ်တိုင် အယ်ဒီတာအဖြစ်ဖြင့် ကြီးမှူးလုပ်ကိုင်လေ၏။

လီနင်၏ ဇနီးဖြစ်သူ ကရုပ်ကရားဆိုသော ရုရှားအမျိုးသမီးမှာ လည်း လီနင်နှင့်အတူ ထိုသတင်းစာ ဖြန့်ချိရေးဘက်မှ ဝင်ရောက်လုပ်ကိုင် လာခဲ့၏။ ၎င်းပြင် ထိုသတင်းစာ၏အမည်ကိုလည်း 'မီးပွား' ဟူ၍ ခေါ်ဆိုပြီးလျှင် သတင်းစာ၏ ဝါဒမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

(၁) ရုရှားနိုင်ငံရှိ ဆိုရှယ်ဒီမိုကရက်အသင်းဝင်တို့သည် အချင်း ချင်း စည်းလုံးညီညွတ်ပြီးလျှင် ထိုအသင်းကြီး၏အလံ အောက်၌ ရုရှားနိုင်ငံ ပြည်သူဆင်းရဲသားအများ လွတ် မြောက်ချမ်းသာရေးအတွက် အသက်နှင့် စည်းစိမ်ကို မငဲ့ကွက်ဘဲ တစ်ဖက်သတ် ဆောင်ရွက်လုပ်ကိုင်သွားရန်၊

(၂) ဆိုခဲ့သည့်အတိုင်း ရုရှားနိုင်ငံရှိ ဆိုရှယ်ဒီမိုကရက်အသင်း သား အားလုံးတို့သည် တစည်းတလုံးတည်းပြုလုပ် နိုင်ကြစေရန်လည်း အစည်းအဝေးကျင်းပ ဆုံးဖြတ်ရုံမျှဖြင့် မပြီးသေးဘဲ အားလုံး တညီတညွတ် လိုက်နာဆောင်ရွက် နိုင်ရန် လုပ်ငန်း အစီအစဉ်များကို ပိုင်းခြားသတ်မှတ် ထားရန်၊ ထို့ပြင်...

(၃) ရုရှားနိုင်ငံနှင့်အဝန်း တကွဲတပြား တည်ရှိနေကြသော ဆိုရှယ်ဒီမိုကရက်အသင်း အချင်းချင်း စာပေးစာယူ

mgyoe.com

mgyoe.com


ပြုလုပ်နိုင်ရန်လည်းကောင်း၊ ဗဟိုအဖွဲ့ချုပ်ကြီးနှင့် ဆက်သွယ်ကမ်းလှမ်းခြင်း ပြုလုပ်နိုင်ရန်လည်းကောင်း၊ မိမိတို့ပိုင် စာပို့တိုက်များကို ဖွင့်လှစ်လုပ်ကိုင်ကြရန်ဖြစ်ကြောင်း။

ဖော်ပြခဲ့သော ဝါဒကို ၁၉၀၀ ပြည့်နှစ် စက်တင်ဘာလတွင် ထုတ်ဝေသော 'မီးပွား' ခေါ် သတင်းစာ၌ ထည့်သွင်းဖော်ပြလာခဲ့ရာ ထိုဝါဒမှာ ရုရှားနိုင်ငံလုံးဆိုင်ရာ ဆိုရှယ်ဒီမိုကရက်အဖွဲ့ချုပ်ကြီးနာမည်ဖြင့် ထည့်သွင်းဖော်ပြခဲ့သော်လည်း အမှန်မှာ ထိုဝါဒကို လီနင်တစ်ဦးတည်းက စီမံဖန်တီးလိုက်သော ဝါဒပင်ဖြစ်၏။

သို့ဖြစ်၍ လီနင်သည် အသက်သုံးဆယ်အရွယ်ကပင် ရုရှားတစ်နိုင်ငံလုံးကို ပြုပြင်ပြောင်းလဲမည့် ဗဟိုဌာနကြီး၌ ဦးစီးခေါင်းဆောင်ကြီးသဖွယ် ဖြစ်လာခဲ့လေသည်။

လီနင်သည် ယခုအခါ မြူနစ်မြို့၌ သတင်းစာကြီးတစ်စောင်၏ ဦးစီးကြိုးကိုင် သတင်းစာအယ်ဒီတာကြီး တစ်ဦးဖြစ်လာသော်လည်း ၎င်းနှင့် တကွ ၎င်း၏ဇနီးသည်ပါ ပင်ကိုသဘောအတိုင်း အနေအထိုင်မပြောင်းဘဲ ရိုးရိုးသာ နေထိုင်လုပ်ကိုင်လာ၏။

လီနင်နှင့် ၎င်း၏ဇနီးတို့သည် မြူနစ်မြို့၌ နေထိုင်လျက်ရှိကြသော်လည်း ဂျာမန်ဆိုရှယ်ဒီမိုကရက် အသင်းဝင်တို့နှင့် ရံဖန်ရံခါမျှသာ တွေ့ဆုံဆွေးနွေးခြင်းလည်းကောင်း၊ ထိုဂျာမန်ဆိုရှယ်ဒီမိုကရက် အသင်းအစည်းအဝေးများသို့လည်း တစ်ရံတစ်ခါမျှသာ တက်ရောက်ခြင်းပြုလေ့ရှိ၏။

သို့သော် ၁၉၀၁ ခုနှစ် မြူနစ်မြို့၌ အလုပ်သမားများ လှုပ်ရှားထကြွလာခဲ့သည်တွင် ကိုယ်တိုင်ဝင်ရောက်အားပေးခဲ့သည့်အပြင် ဂျာမန်အလုပ်သမားခေါင်းဆောင်ဖြစ်သူ ရိဇာလူဇင်ဘတ်ဆိုသော ဂျာမန်

mgyoe.com

mgyoe.com


အမျိုးသမီးနှင့်လည်းကောင်း၊ လိုင်ဘာနက်ဆိုသူနှင့်လည်းကောင်း များစွာ အကျွမ်းတဝင်ဖြစ်လာခဲ့၏။ ထိုဂျာမန်အလုပ်သမားခေါင်းဆောင် နှစ်ဦးစလုံးပင် ကမ္ဘာစစ်ကြီး ပြေငြိမ်းပြီးစီးလာသည့်နောက် ဂျာမနီနိုင်ငံတွင် ပုန်ကန်ထကြွရာ၌ ပါဝင်သေဆုံးခဲ့ကြလေသည်။

လီနင်သည် မြူနစ်မြို့မှနေ၍ ရုရှားနိုင်ငံဆိုရှယ်ဒီမိုကရက် အသင်းဝင်များအတွက် 'မီးပွား' ခေါ် သတင်းစာကို ရေးသားထုတ်ဝေလာခဲ့သည်တွင် ၁၉၀၁ ခုနှစ်၊ မေလသို့ရောက်သကာလ ထို 'မီးပွား' ခေါ် သတင်းစာခေါင်းကြီးပိုင်း၌ 'အဘယ်သို့ လုပ်ကြမည်နည်း' ဆိုသောခေါင်းစဉ်ဖြင့် ထည့်သွင်းရေးသားခဲ့ရာ ထိုခေါင်းကြီးပိုင်းမှာ အရေးကြီးသော အချက်အလက်တို့ကို လေးလေးနက်နက် ဖော်ပြထားသည်ဖြစ်၍ ရုရှားနိုင်ငံ ဆိုရှယ်ဒီမိုကရက်အသင်းဝင်အားလုံးတို့လိုပင် တအုန်းအုန်း တကျွက်ကျွက်ဖြစ်ကာ ဝိုင်းအုံဖတ်ရှုလာကြ၏။ ထို့ကြောင့် ထိုသတင်းစာခေါင်းကြီးပိုင်းကို ၁၉၀၂ ခုနှစ်သို့ရောက်သောအခါ စာအုပ်စာတမ်းကလေးအနေဖြင့် တသီးတသန့် ပုံနှိပ်ထုတ်ဝေရလေရာ ၎င်းစာတမ်းကို ရုရှားနိုင်ငံဆိုရှယ်ဒီမိုကရက်အသင်းဝင်အပေါင်းတို့က မိမိတို့အသင်း၏ ဝါဒအဖြစ်ဖြင့် မှတ်ယူသဘောထားကြလေသည်။

၁၉၀၂ ခုနှစ်သို့ တိုင်ရောက်လာသောအခါ 'မီးပွား' ခေါ် သတင်းစာကို မြူနစ်မြို့၌ ဆက်လက်ထုတ်ဝေရန် မဖြစ်နိုင်ရကား ပလက်ကနော့ဆိုသူ ခေါင်းဆောင်ကြီးက ၎င်းနေထိုင်ရာ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဝါးမြို့သို့ ပြောင်းရွှေ့လုပ်ကိုင်ရန်ပြောဆိုလာပြန်လေ၏။ သို့ရာတွင် သတင်းစာဆိုင်ရာ လူကြီးအများက အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော်သို့ ရွှေ့ပြောင်းလုပ်ကိုင်ရန် သဘောတူလာသည့်အတိုင်း ၁၉၀၂ ခုနှစ်၊ ဧပြီလတွင် လန်ဒန်မြို့တော်သို့ ရွှေ့ပြောင်းလုပ်ကိုင်လာခဲ့လေသည်။

□

mgyoe.com

mgyoe.com

## လန်ဒန်မြို့တော်တွင် နေထိုင်ခြင်း

လီနင်သည် လန်ဒန်မြို့တော်သို့ ရောက်လာသော်လည်း အစားအသောက်အနေအထိုင်မှာ ရုရှားနိုင်ငံအကျဉ်းထောင်၌ ခံနေရစဉ်ကနှင့်လည်းကောင်း၊ ဆိုက်ဗေးရီးယားနယ်တွင် အကျယ်ချုပ်ခံရစဉ်ကနှင့်လည်းကောင်း၊ တစ်စုံတစ်ရာ ခြားနားခြင်း မရှိဘဲ ရိုးရိုးသာလျှင် စားသောက်နေထိုင်ခြင်း ပြုလေသည်။

လီနင်မှာ ရုရှားနိုင်ငံတွင် တော်လှန်ပုန်ကန်ရန် စိတ်တစ်စိတ်တည်းသာ လွှမ်းမိုးလျက်ရှိသောကြောင့် မည်သည့်နေရာဒေသ၌ မည်ကဲ့သို့ နေထိုင်စားသောက်ရစေကာမူ အလေးမပြု ဂရုမစိုက်ခြင်း ဖြစ်၏။ သို့ရာတွင် ဇနီးဖြစ်သူ ကရုပ်ကရားသည် လီနင်၏ အစားအသောက်အတွက် ကိုယ်တိုင်ကြည့်ရှုစီမံသည့်အပြင် လီနင်၏အလုပ်တွင်လည်း ကူညီခြင်းပြုလုပ်၏။

လီနင်သည် ရုရှားနိုင်ငံ ဆိုရှယ်ဒီမိုကရက်အသင်းကြီးအတွက် 'မီးပွား' ခေါ် သတင်းစာကို လန်ဒန်မြို့တော်မှနေ၍ ရေးသားထုတ်ဝေသောအခါ ၎င်း၏နေထိုင်စားသောက်ရေးအတွက် ထိုဆိုရှယ်ဒီမိုကရက်

mgyoe.com

mgyoe.com


အသင်းရန်ပုံငွေထဲမှ တစ်လလျှင် ရွှေဒင်္ဂါးခြောက်ပြားမျှသာ ရရှိ၏။ ဆိုခဲ့သော သတင်းစာတွင် လီနင်နှင့်အတူ ဝင်ရောက် ဆောင်ရွက်နေသူ တို့မှာလည်း ထိုအသင်းရန်ပုံငွေထဲမှပင် အထောက်အပံ့ ရရှိကြရာ အနေ အထိုင် အစားအသောက်မှာ လီနင်ကဲ့သို့ ကျစ်လျစ်စွာမဟုတ်ဘဲ အထိုက် အလျောက် နေသာသလို နေကြလေသည်။

လီနင်မှာ လန်ဒန်မြို့တော်၌ တစ်လလျှင် ရွှေဒင်္ဂါးခြောက်ပြားမျှ သာ ရရှိသည်ဖြစ်၍ လန်ဒန်မြို့၏ အစွန်အဖျားကျသော ရပ်ကွက်တစ်ခု ၌ အခန္ဒန်းချိုသာသော တိုက်ခန်းလေး တစ်ခန်းကို ငှားရမ်းနေထိုင်ရ၏။ သို့သော် လီနင် နေထိုင်သောနေရာမှာ 'ဟိုက်ဂိတ်သုသာန်' နှင့် မနီးမဝေး ဖြစ်သောကြောင့် ကွယ်လွန်သူ ဂျာမန်ပညာရှိကြီး ကားလ်မတ်၏ ဂူသင်္ချိုင်းသို့ ရံဖန်ရံခါ သွားရောက်ကြည့်နိုင်ခွင့်ရရှိလေသည်။

လီနင်သည် ဂျာမနီနိုင်ငံ၊ မြူနစ်မြို့၌ နေထိုင်စဉ်အခါက မီးယား ဆိုသောနာမည်ဖြင့် နေထိုင်ခဲ့၍ ယခု လန်ဒန်မြို့တော်၌မူ ရစ်စတား ဆိုသောနာမည်ဖြင့် နေထိုင်၏။ ဤကဲ့သို့ လန်ဒန်မြို့တော်၌ နာမည်ရင်း ကို ဝှက်၍ နေထိုင်ခြင်းမှာ အင်္ဂလန်နိုင်ငံအစိုးရတို့ထက် ရုရှားနိုင်ငံအစိုးရ တို့၏ ရှည်လျားသော လက်ချောင်းကို စိုးရိမ်ရသောကြောင့်ဖြစ်၏။

ရုရှားနိုင်ငံမှာလည်း ဒုတိယမြောက် နီကလက်ဘုရင်နှင့်တကွ ၎င်း၏မှူးမတ်အရာရှိတို့မှာ ရုရှားအလုပ်သမားများ၏ ဆေးရန်အတွက် တစိုးရိမ်ရိမ် တကြောင့်ကြကြ ဖြစ်လျက်ရှိနေကြ၏။ ၎င်းပြင် ရုရှားနိုင်ငံ ရဟူဒီလူမျိုးတို့မှာလည်း အမြောက်အမြား သတ်ဖြတ်ခြင်းခံလာရသည် ဖြစ်ရာ အစိုးရစုံထောက်တို့မှာ နေရာတကာတို့၌ တွေ့နိုင်လေသည်။ ထို့ကြောင့် နိုင်ငံရေးအသင်းအပင်းတို့မှာ အထူးသတိဝီရိယဖြင့် နေရ သည့်အပြင် အကယ်၍ အသင်းဝင်တစ်ဦးတစ်ယောက်အား ဖမ်းမိသည် ဆိုလျှင် ကျန်အသင်းသားအများပါ ကြိုးဒဏ်သော်လည်းကောင်း၊

mgyoe.com

mgyoe.com


အကျဉ်းထောင်ဒဏ်သော်လည်းကောင်း ခံရလေ၏။

ဤကဲ့သို့ ရုရှားနိုင်ငံတွင် အစိုးရတို့က နိုင်ငံရေးအသင်းအပင်းတို့ကို အပြင်းအထန် ဖိစီးနှိပ်ကွပ်နေသည့်အတိုင်း လီနင်မှာလည်း လန်ဒန်မြို့တော်၌ နေရစေကာမူ ရုရှားနိုင်ငံရှိ မိမိနှင့် ဆက်သွယ်သူ အသင်းသားအတွက် ဘေးရန်ကင်းလွတ် လုံခြုံစေခြင်းအလို့ငှာ နာမည်ရင်းကို မဖော်ဘဲ တိတ်တဆိတ် လျှို့ဝှက်နေခြင်းဖြစ်၏။

လန်ဒန်မြို့တော်ရှိ ဗြိတိသျှပြတိုက်ကြီး၏ စာဖတ်ခန်းကြီးသည် လီနင်အတွက် များစွာ အကျိုးရှိနေ၏။ ထိုစာဖတ်ခန်းကြီးတွင် စာပေအမျိုးမျိုးရရှိနိုင်သည့်အတိုင်း ထိုစာဖတ်ခန်းကြီး၌ပင် ကားလ်မတ်ဆိုသူဂျာမန်ပညာရှိကိုယ်တိုင်ကလည်း အသုံးပြုခဲ့ဖူးလေသည်။

လီနင်သည် လန်ဒန်မြို့တော်၌နေစဉ် ထရော်စကီဆိုသူလည်း ရုရှားနိုင်ငံ ဆိုက်ဗေးရီးယားနယ်သို့ အကျယ်ချုပ် ပို့ထားရာမှ ထွက်ပြေးလာသည့်အတိုင်း ရောက်ရှိလာ၏။ လီနင်နှင့် ထရော်စကီဆိုသူ နှစ်ဦးတို့သည် ရုရှားနိုင်ငံ၏ နောင်အနာဂတ်ရာဇဝင်တွင် ထင်ပေါ်ကျော်စောသော ပုဂ္ဂိုလ်ကြီးနှစ်ဦး ဖြစ်လာကြ၏။

ထရော်စကီ၏ နေ့စဉ်မှတ်တမ်းတွင် ကျွန်ုပ်သည် လန်ဒန်မြို့တော်သို့ ၁၉၀၂ ခုနှစ် ဆောင်းဦးပေါက်စတွင် ရောက်ရှိရာ ထိုရောက်ရှိသောနေ့ နံနက်၌ပင် လီနင်နေထိုင်ရာ တိုက်ခန်းသို့သွား၍ လီနင်နှင့်တွေ့ဆုံကြောင်း၊ ကျွန်ုပ်သည် နံနက်စောစော လီနင်၏တိုက်ခန်းသို့ရောက်သွားသောအခါ အပြင်မှနေ၍ အချက်ပေးသောအနေဖြင့် တံခါးကို ခေါက်လိုက်သည်နှင့် တစ်ပြိုင်နက် လီနင်၏ဇနီးဖြစ်သူက တံခါးကိုဖွင့်ပေးကြောင်း၊ ထိုအချိန် ထိုအခါမှာ လန်ဒန်မြို့တော်၌ အလွန်အေးမြနေသောကြောင့် လူတို့မှာ အိပ်ရာမှ မထသေးဘဲ ကွေးလျက်နေကြသောအချိန်ဖြစ်ကြောင်း၊ ကျွန်ုပ်သည် တံခါးဖွင့်ပေး၍ အခန်းတွင်းသို့ ဝင်သွား

mgyoe.com

mgyoe.com


လျှင် ဝင်သွားချင်း လီနင်က ဆီး၍နှုတ်ဆက်လေရာ ကျွန်ုပ်တို့နှစ်ယောက်မှာ ထိုအချိန်အခါကစ၍ ရုရှားနိုင်ငံရေးအတွက် ဆွေးနွေးပြောဆိုနေခဲ့ကြသည်မှာ အချိန်ကုန်မှန်းမသိ ကုန်သွားကြောင်း စသဖြင့် ဖော်ပြထားရှိ၏။

ရုရှားနိုင်ငံ ဆိုရှယ်ဒီမိုကရက်အသင်းကြီးအတွက် 'မီးပွား' ခေါ်သတင်းစာကို လီနင်ကိုယ်တိုင် လန်ဒန်မြို့တော်မှနေ၍ စီးစီးနင်းနင်းရေးသားထုတ်ဝေလာခဲ့ရာ ရုရှားခေါင်းဆောင်ကြီးဖြစ်သူ ပလက်ကနော့ဆိုသူမှာ ဆွတ်ဇာလန်နိုင်ငံမှ လန်ဒန်မြို့တော်သို့ တစ်ရံတစ်ခါသာလျှင်လာရောက်၍ လီနင်နှင့် တိုင်ပင်ဆွေးနွေးခြင်း ပြုလုပ်နိုင်၏။ သို့ရာတွင်လီနင်မှာ လန်ဒန်မြို့တော်သို့ ထရော်စကီ ရောက်လာသည့်နောက် အကူအညီများစွာ ရရှိလာသည့်အတိုင်း ရုရှားနိုင်ငံ ဆိုရှယ်ဒီမိုကရက် အသင်းကြီးက ထရော်စကီအား ဆင့်ခေါ်သော်လည်း လီနင်က ဆိုင်းငံ့၍ ထားလေသည်။ ထို့နောက် ၎င်းတို့နှစ်ယောက်သည် လာမည့် ကွန်ဂရက်အစည်းအဝေးကြီးအတွက် အစီအစဉ်များကို နေ့ညမအား စီမံပြုလုပ်ကြရာထိုအစည်းအဝေးကြီးတွင် တင်သွင်းရန် လုပ်ငန်းစီစဉ်ချက်နှင့်ပတ်သက်၍လီနင်နှင့် ပလက်ကနော့ဆိုသူ ရုရှားခေါင်းဆောင်ကြီးသည် သဘောချင်းမတူ ကွဲလွဲလာကြပြန်၏။

သို့သော် ပလက်ကနော့ဆိုသူ ခေါင်းဆောင်ကြီးကသာ များသောအားဖြင့် လျှော့ပေးရ၍ လီနင်မှာ အစည်းအဝေးလုပ်ငန်း စီစဉ်ချက်နှင့်တကွ အခြားဆောင်ရွက်ရန် ဟူသမျှတို့ကို သဘောအတိုင်း လုပ်ကိုင်ဆောင်ရွက်နိုင်ခွင့်ရရှိလေသည်။

ပလက်ကနော့ဆိုသူ ရုရှားခေါင်းဆောင်ကြီးသည် ခွေးသမင်ကဲ့သို့တစ်ဖက်သားရန်သူအား ကိုက်၍ ခါရုံမျှခါပြီးလျှင် လွှင့်ပစ်တတ်၏။ လီနင်မှာကား ခွေးဘီလူးကဲ့သို့ တစ်ဖက်သားရန်သူကို ကိုက်မိသည်ဆိုလျှင် အသေကိုက်ခဲတတ်သည်ဟု ထရော်စကီက ပြောဆိုလေသည်။

mgyoe.com

mgyoe.com


သို့ရာတွင် ကွန်ဂရက်အစည်းအဝေးကြီးကျင်းပရန် နီးကပ်လာသောအခါ လီနင်နှင့် ပလက်ကနော့တို့နှစ်ဦးသည် တစ်စိတ်တစ်သဘောတည်းဖြစ်လာကြပြီးလျှင် တင်သွင်းရန် လုပ်ငန်းစိစဉ်ချက်ကို ပြီးစီးအောင် လုပ်ကိုင်လာကြလေ၏။ ထို့နောက် မကြာမီ လီနင်မှာ မကျန်းမမာဖြစ်လာသည်တွင် 'မီးပွား' ခေါ် သတင်းစာကို လန်ဒန်မြို့တော်မှ ဆွတ်ဇာလန်နိုင်ငံသို့ ရွှေ့ပြောင်းထုတ်ဝေရန် စီမံကြသည့်အတိုင်း လီနင်မှာလည်း ထိုဆွတ်ဇာလန်နိုင်ငံ ဂျီနီဝါးမြို့သို့ လိုက်ပါသွားရလေ၏။

❑

mgyoe.com

mgyoe.com

## ဆိုရှယ်ဒီမိုကရက် အစည်းအဝေးကြီး

လီနင်နှင့် ၎င်း၏ဇနီးတို့သည် လန်ဒန်မြို့တော်မှ ထွက်ခွာလာခဲ့ကြရာ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဝါးမြို့သို့ ၁၉၀၃ ခုနှစ် ဧပြီလတွင် ရောက်၏။ ၎င်းတို့သည် ဂျီနီဝါးမြို့ အလုပ်သမားများနေထိုင်ရာ ရပ်ကွက်တွင် တိုက်ခန်းငှား၍ နေထိုင်ပြီးလျှင် 'မီးပွား' ခေါ် သတင်းစာထုတ်ဝေရန်အတွက် လုပ်ကိုင်ဆောင်ရွက်ကြလေသည်။ ထိုအတောအတွင်းတွင် ဆိုရှယ်ဒီမိုကရက် ကွန်ဂရက်အစည်းအဝေးကြီးကို ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့၌ ကျင်းပရန်ချိန်းဆိုလာရကား၊ ရုရှားနိုင်ငံမှ ကိုယ်စားလှယ်စသည်တို့သည်လည်း အသီးသီးရောက်လာကြ၏။

ထိုကွန်ဂရက်အစည်းအဝေးကြီးကို ဘရပ်ဆယ်မြို့ရှိ ဂျုံဂိုဒေါင်ကြီးတစ်ခု၌ကျင်းပရန် အလံနီများဖြင့် စီမံခြယ်လှယ်လျက်ရှိကြစဉ် ဘယ်လ်ဂျီယံအစိုးရတို့က ဝင်ရောက်နှောင့်ယှက်ပြီးလျှင် ကိုယ်စားလှယ်နှစ်ဦးအား ဖမ်းဆီးလိုက်သောအခါ ထိုကွန်ဂရက်အစည်းအဝေးကြီးကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော်သို့ အဆောတလျင် ရွှေ့ပြောင်း၍ ကျင်းပရလေသည်။

မီးပွား ခေါ် သတင်းစာတွင် ပါဝင်ဆောင်ရွက်သူတို့အထဲ၌ လီနင်၊

mgyoe.com

mgyoe.com


ထရော်စကီဆိုသူတို့အပြင် ပလက်ကနော့ဆိုသူ ခေါင်းဆောင်ကြီးနှင့် အခြားသူတချို့တို့လည်း ပါရှိလေသည်။ ပလက်ကနော့မှာ ရုရှား ဆိုရှယ်လစ်အသင်းကြီးကို စတင်တည်ထောင်သူဖြစ်သည့်အပြင် ဆိုရှယ်လစ်အခေါ် ဘုံဝါဒအကြောင်းတွင်လည်း အလွန်ကျွမ်းကျင် တတ်မြောက်သူ ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည်ဟု အတိုင်းတိုင်းအနိုင်နိုင်င် တို့၌ ဂုဏ်သတင်း ကျော်ကြားသူဖြစ်၏။

သို့ရာတွင် ပလက်ကနော့သည် အလွန်မာနကြီးသူဖြစ်သော ကြောင့် လီနင်တို့ လူငယ်စုနှင့် မသင့်မတင့်ဖြစ်ကြသော်လည်း လီနင်တို့ လူငယ်စုကပင် ထိုပုဂ္ဂိုလ်ကြီးအပေါ်တွင် များစွာသည်းခံခြင်း ပြုရလေ သည်။ သို့သည်းခံ၍ ဆောင်ရွက်ကြသည့်အတိုင်း မီးပွား ခေါ် သတင်းစာ တွင် ရေးသားဖော်ပြချက်တို့မှာ အပြင်လူတို့က ဖတ်ရှုရသည့်ကာလ ထိုသတင်းစာတွင် ပါဝင်ရေးသားသူတို့မှာ အလွန်တရာ ညီညီညွတ်ညွတ် ရှိသည်ဟု ထင်မှတ်ကြရလေသည်။ ထိုသို့ရေးသားရာတွင် လီနင်သည် စိတ်ရောကိုယ်ပါ အချက်အလက်တို့ကို မိမိရရ ရေးသားနိုင်သူဖြစ်၏။

မီးပွား ခေါ် သတင်းစာတွင် လီနင်ကိုယ်တိုင် ရေးသားထည့်သွင်း လိုက်သောအချက်မှာ အောက်ပါအတိုင်းဖြစ်၏။

"တိုင်းနိုင်ငံရှိ အလုပ်သမားတို့မှာ လုပ်ငန်းရှင်နှင့် တစ်ဦးကိုတစ်ဦး ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဆိုသကဲ့သို့ ဖြစ်ပေါ်လာစေရန် အလုပ်သမား တို့ကိုယ်တိုင်က ကြိုးစားအားထုတ်မှသာလျှင် ဖြစ်မြောက်နိုင်ကြောင်းနှင့် အတိုင်းတိုင်းအနိုင်နိုင်ငံရာဇဝင်တို့တွင် သက်သေခံလျက်ရှိကြောင်း ဆိုခဲ့သည့်အတိုင်း ကျွန်းကိုကိုင်းမှီ ကိုင်းကိုကျွန်းမှီဆိုသော သဘောဖြစ် ပေါ်စေခြင်းငှာလည်း အလုပ်သမားတို့မှာ လုပ်ငန်းရှင်တို့၏ နိုင်ထက် စီးနင်းပြုလုပ်ခြင်းမှ ကာကွယ်နိုင်ရန်လည်းကောင်း၊ အလုပ်သမားတို့ သက်သာရာ သက်သာကြောင်းအတွက် တိုင်းနိုင်ငံ အစိုးရတို့က သင့်လျော်

mgyoe.com

mgyoe.com


သော တရားဥပဒေစီမံ ပြုလုပ်ပေးစေရန်လည်းကောင်း၊ မိမိတို့ အလုပ်သမား များအချင်းချင်း ပူးပေါင်းဖွဲ့စည်းကြရန် လိုကြောင်း...၊

ဆိုရှယ်လစ်ခေါ် ဘုံဝါဒဆိုသည်မှာ နိုင်ငံအကျိုးစီးပွားရေးနှင့် ကျိုးကြောင်းဆင်ခြင်တုံတရားများမှ အခြေခံပြု၍ ထွက်ပေါ်လာခြင်းဖြစ်ရာ ထိုဘုံဝါဒစနစ်အကြောင်းကို ကမ္ဘာကျော် ဂျာမန်ပညာရှိကြီး ကားလ်မတ်က ရှေးဦးစွာ စိတ်ကူးပေါ်ပေါက်ခဲ့သည်ဖြစ်ကြောင်း၊ ထို့အတူ ရုရှားနိုင်ငံ၌လည်း ဆိုရှယ်ဒီမိုကရက်ဆိုသော သဘောမှာ အလုပ်သမားအသင်းများ တိုးတက်ကြီးပွားလာခြင်းနှင့် တစ်စုံတစ်ရာ မပတ်သက် မစပ်ဆိုင်ဘဲ နိုင်ငံတွင် ပြုပြင်ပြောင်းလဲခြင်းကို လိုလားသူ ပညာတတ်တို့ကသာလျှင် ပကတိသဘောအတိုင်း စိတ်ကူးပေါ်ပေါက်လာခြင်းဖြစ်ကြောင်း...၊

ရုရှားနိုင်ငံ ဆိုရှယ်ဒီမိုကရက်အသင်း၏ တာဝန်ဝတ္တရားမှာ အလုပ်သမားများ နိုးကြားထကြွလာခြင်းတွင် နောက်ယောင်ခံရန် မဟုတ်ဘဲ ထိုအလုပ်သမားများ၏ရှေ့က တပ်ဦးဗိုလ်ပြုလုပ်ရန်လည်းကောင်း၊ ထိုအလုပ်သမားတို့အား ညီညွတ်စည်းလုံးမိအောင် ဖွဲ့စည်းပေးရန်လည်းကောင်းဖြစ်ကြောင်း၊ ထိုရည်ရွယ်ချက်အတိုင်း ဖြစ်မြောက် အောင်မြင်စေခြင်းငှာလည်း နိုင်ငံတွင် စည်းစနစ်ကျကျ ပြုပြင်ပြောင်းလဲလိုသော သဘောကို ပေါ်ပေါက်လာကြစေရန်နှင့် တော်လှန်ပုန်ကန်လို သူတို့ကို ပူးပေါင်းဖွဲ့စည်းပေးရန်လိုကြောင်း"

ဆိုခဲ့သည့်အတိုင်း မီးပွား ခေါ် သတင်းစာနှင့် လီနင်၏ ကြိုးစားအားထုတ်ခြင်းများဖြင့် ရုရှားနိုင်ငံတွင် ဆိုရှယ်ဒီမိုကရက်အသင်းဝင် ဟူသရွေ့တို့အား တော်လှန်ပုန်ကန်လိုသောစိတ် ပေါ်ပေါက်လာအောင် ပြုလုပ်ခဲ့လေ၏။

၁၉၀၃ ခုနှစ်တွင် လန်ဒန်မြို့တော်၌ ကျင်းပသော ဒုတိယအကြိမ်မြောက် ကွန်ဂရက်အစည်းအဝေးကြီးသို့ မီးပွား ခေါ် သတင်းစာ၏

mgyoe.com

mgyoe.com


လူတစ်စုတို့အား ရုရှားနိုင်ငံမှ ကိုယ်စားလှယ်များစွာတို့က ထောက်ခံ ပြောဆိုကြသော်လည်း ထိုသတင်းစာ၏ လူစုအထဲ၌ပင် နှစ်ဖက်နှစ်လမ်း သဘောကွဲလွဲလျက်ရှိနေကြပြန်လေ၏။ ဤသို့ သဘောကွဲလွဲနေသူတို့ မှာ တစ်ဖက်က လူအများပါရှိ၍ ၎င်းလူအများစုတွင် လီနင်နှင့် ပလက် ကနော့ ဆိုသူနှစ်ဦးတို့က ဦးစီးခေါင်းဆောင်ပြုလုပ်၍ ရုရှားနိုင်ငံတွင် ဇာဘုရင် အုပ်စိုးခြင်းကို တွန်းလှန်ဖြိုဖျက်ရေးအတွက် ရုရှားနိုင်ငံ ဆိုရှယ် ဒီမိုကရက် အသင်းကြီးကို ဗဟိုအဖွဲ့ပြုလုပ်ရန် ပြောဆိုကြလေ၏။

မာတိုး၊ ပိုတရီဆော့၊ အက်ဇီလရွတ်၊ ထရော်စကီ ဆိုသူ လေးဦးတို့ က ဦးစီးခေါင်းဆောင်ပြုလုပ်သော လူနည်းစုကမူ ရုရှားနိုင်ငံတွင် ငါမင်း ငါချင်း ပြုလုပ်အုပ်ချုပ်သော ဇာဘုရင်ကို တွန်းလှန်ဖြိုဖျက်ရန် သဘော တူသော်လည်း ဆိုရှယ်ဒီမိုကရက်အသင်းကြီးကို အသုံးမပြုဘဲ တသီး တသန့် ထားရှိစေလိုကြောင်းနှင့် အတိုက်အခံပြုလုပ်ပြောဆိုကြလေ၏။ ထို့ကြောင့် ထိုကွန်ဂရက်အစည်းအဝေးကြီးတွင် နှစ်ဦးနှစ်ဖက်တို့ ပြောဆိုချက်များကို မဲဆန္ဒကောက်ယူရာမှ အစပြုပြီးလျှင် လူနှစ်စု ကွဲပြား လာခဲ့လေရာ များရာလူစုကို ရုရှားဘာသာဖြင့် 'ဘိုလ်ရှီဗျစ်' ဟု ခေါ်၍ နည်းရာလူစုကိုမူ 'မင်ရှီဗျစ်' ဟု ခေါ်တွင်လာခဲ့လေသည်။

ကွန်ဂရက်အစည်းအဝေးကြီးတွင် လီနင်ပြောဆိုသော စကားများ ကို အားလုံးလိုပင် ပလက်ကနော့ဆိုသူက ထောက်ခံခြင်းပြု၏။ ထိုသို့ ပလက်ကနော့ဆိုသူက ထောက်ခံပြောဆိုချက်မှာလည်း ပရိသတ်တို့ အပေါ်တွင် အလွန်ထက်မြက်စူးရှခြင်း ဖြစ်လေသည်။ သို့ဖြစ်၍ ထို ကွန်ဂရက်အစည်းအဝေးကြီး စည်းဝေးပြီးစီးသည့်နောက်၌ ပလက် ကနော့နှင့် လီနင်နှစ်ဦးတို့သည် ထင်ပေါ်ကျော်စောလာခဲ့ကြ၏။ ၎င်းအပြင် ကွန်ဂရက်အစည်းအဝေးကြီးတွင် ဗဟိုကော်မတီအဖွဲ့နှင့် သတင်းစာ ဆိုင်ရာ ကော်မတီအဖွဲ့နှစ်ဦးစလုံးအတွက် လူကြီးများ ရွေးကောက်ရာ၌

mgyoe.com

mgyoe.com


လည်း များသောအားဖြင့် ဘိုလ်ရှီဗျစ်လူစုထဲမှ ရွေးကောက်ခြင်းခံရလေရာ မင်ရှီဗျစ် ခေါ် လူနည်းစုတို့မှာ များစွာ မကျေမနပ်ဖြစ်ကြပြီးလျှင် လီနင်အပေါ်တွင် ပုတ်ခတ်ပြောဆိုလျက် ဂိုဏ်းခွဲ၍ ထွက်လာကြလေ၏။

ထိုသို့ မင်ရှီဗျစ် ခေါ် လူနည်းစုတို့က ဂိုဏ်းခွဲ၍ တည်ထောင်လာရာတွင် အက်ဇီလရွှတ်ဆိုသူက အဆွယ်ကောင်းသည့်အတိုင်း ပလက်ကနော့ဆိုသူ ခေါင်းဆောင်ကြီးမှာ မင်ရှီဗျစ် ခေါ် ထိုလူနည်းစုဘက်သို့ လိုက်ပါသွားပြန်လေရာ လီနင်အမှူးရှိသော ဘိုလ်ရှီဗျစ်လူစုတို့မှာ စိတ်လက်ပျက်ကွက်လာကြပြီး တော်လှန်ပုန်ကန်ရေးအလုပ်ကို လက်လွှတ်လာကြလေ၏။

❐

mgyoe.com

mgyoe.com

## ဘိုလ်ရှီဗျစ်ဂိုဏ်းနှင့် မင်ရှီဗျစ်ဂိုဏ်း

လန်ဒန်မြို့တော်၌ ကျင်းပခဲ့သော ကွန်ဂရက်အစည်းအဝေးကြီး ပြီးစီးသည့်နောက် မကြာမီ မာတိုးဆိုသူသည် မီးပွား ခေါ် သတင်းစာဆိုင်ရာ ကော်မတီအဖွဲ့မှ နုတ်ထွက်လာပြန်သည်ဖြစ်သောကြောင့် လီနင်မှာ အနှောင့်အယှက်တစ်မျိုး တွေ့ကြုံလာပြန်လေ၏။ ၎င်းအပြင် ထိုသတင်းစာ၏ဝါဒနှင့် ပတ်သက်၍လည်း မင်ရှီဗျစ်ဂိုဏ်းသားတို့က သဘောမကျဖြစ်လာကြပြန်လေရာ ပလက်ကနော့ဆိုသူသည် အသင်းကြီးတွင် နှစ်ဂိုဏ်း နှစ်ပက္ခမဖြစ်စေရန် သတင်းစာအဖွဲ့၌ မင်ရှီဗျစ်ဂိုဏ်းသား အချို့ကိုလည်း ထည့်သွင်းရန် ပြောဆိုလာ၏။

ထိုအခါ လီနင်သည် သတင်းစာအဖွဲ့မှ နုတ်ထွက်လိုက်သည့်အပြင် ဗဟိုကော်မတီအဖွဲ့ကြီးမှလည်း နုတ်ထွက်ခြင်းပြုလေ၏။ လီနင်သည် ထိုသို့ နုတ်ထွက်ပြီးနောက် ကွန်ဂရက်အစည်းအဝေးကြီးနှင့် ပတ်သက်၍ 'ရှေ့သို့တစ်လှမ်းတိုးပြီးလျှင် နောက်သို့နှစ်လှမ်းဆုတ်ကြောင်း' နှင့် စာတမ်းကလေးတစ်စောင်ကို ထုတ်ဝေလေ၏။

ယခုအခါ လီနင်မှာ အလုပ်လုပ်ရန်မရှိသည့်အတိုင်း ၎င်း၏ဇနီးဖြစ်သူနှင့်အတူ ဆွတ်ဇာလန်နိုင်ငံ တောတောင်တစ်လျှောက်သို့ လှည့်လည်၍ ထွက်လာခဲ့လေ၏။ ထိုတောတောင်ထဲတွင် တစ်လကျော်၊

mgyoe.com

mgyoe.com


နှစ်လခန့် နေထိုင်လာခဲ့ရာ စိတ်နှလုံးချမ်းသာလာသည့်အတိုင်း နောက်ထပ် သတင်းစာအသစ် တစ်စောင်ကို ဗိုလ်ရှီဗျစ်ဂိုဏ်းအတွက် တသီးတသန့် ထုတ်ဝေစေရန် ကြံစည်စိတ်ကူးမိလေ၏။

ထို့နောက် လီနင်သည် ဂျီနီဝါးမြို့သို့သွားရောက်ပြီးလျှင် 'ဖော်ဝပ်' ဆိုသောအမည်နှင့် သတင်းစာသစ်တစ်စောင်ကို ထုတ်ဝေလာခဲ့၏။ ထိုအခါကစ၍ ရုရှားနိုင်ငံ ဆိုရှယ်ဒီမိုကရက်အသင်းကြီးတွင် ဘိုလ်ရှီဗျစ်ဂိုဏ်းနှင့် မင်ရှီဗျစ် ဂိုဏ်းနှစ်ဂိုဏ်းသည် တသီးတခြားစီဖြစ်လာပြီးလျှင် ဘိုလ်ရှီဗျစ်ဂိုဏ်းမှာ ကိုယ်ပိုင်သတင်းစာနှင့် ရှိလေ၏။

ဆိုခဲ့သည့်အတိုင်း ဘိုလ်ရှီဗျစ်ဂိုဏ်းနှင့် မင်ရှီဗျစ်ဂိုဏ်းတို့သည် တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း သဘောမတူ ကွဲပြားလာခဲ့သည်တွင် ရုရှားနိုင်ငံမှာလည်း နီကလက်ဘွဲ့တော်ရှိဇာဘုရင်က ၁၉၀၄ ခုနှစ်၊ ဇန်နဝါရီလတွင် ကိုရီးယားပြည်အရေးကိစ္စနှင့် ပတ်သက်၍ ဂျပန်တို့နှင့် စစ်မက် ဖြစ်ပွားလေ၏။ ထိုသို့ ဂျပန်တို့နှင့်ဖြစ်ပွားသော စစ်မက်တွင် ရုရှားနိုင်ငံက အနိုင်ရခဲ့ပါမူ မင်ရှီဗျစ်ဂိုဏ်းမှာ အကြီးအကျယ် တိုးတက်ကြီးပွားလာမည် ဖြစ်၏။ သို့သော် ထိုစစ်မက်တွင် ရုရှားစစ်သည်တို့မှာ စားရေရိက္ခာ မလုံလောက်၊ လက်နက်ခဲယမ်းမပြည့်စုံ ဖြစ်လာကြသောကြောင့် စစ်ရေးရှုံးနိမ့်လေရကား ၁၉၀၅ ခုနှစ်၊ စက်တင်ဘာလတွင် ရုရှားနိုင်ငံက အရှုံးခံ၍ စစ်ပြေငြိမ်းလာရလေ၏။

ထိုအတောအတွင်းတွင် ရုရှားနိုင်ငံတစ်ဝန်းလုံးမှာလည်း အစားရေစာ ရှားပါး၊ လူအများ ငတ်မွတ်ခေါင်းပါးလာကြလေရာ ပီတာစဘတ်မြို့တော်ရှိ ဆင်းရဲသားအများတို့သည် ဖာသာဂေပွန်ဆိုသူ ဘုရင်ဂျီဘုန်းကြီးတစ်ပါး ခေါင်းဆောင်လျက် ၁၉၀၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ဇာဘုရင်စံတော်မူရာ ဝင်တာနန်းတော်သို့ အသနားခံလွှာ တင်သွင်းရန် စီတန်းသွားကြလေ၏။

mgyoe.com

mgyoe.com


ထိုသို့ စီတန်းသွားလာသောသူတို့သည် နန်းတော်အနီးသို့ မရောက်မီ နန်းတော်စောင့်တပ်က သေနတ်ဖြင့်ဆီး၍ ပစ်ခတ်လေရကား ဆင်းရဲသားနှစ်ရာခန့် သေကျေပျက်စီးပြီးလျှင် ဖရိုဖရဲ တကွဲတပြားနှင့် ထွက်ပြေးကြလေကုန်၏။

ဤသို့ ပြည်သူဆင်းရဲသားအများ သေကျေပျက်စီးခြင်းသတင်းသည် ရုရှားတစ်နိုင်ငံလုံးနှင့်တကွ အခြားတိုင်းနိုင်ငံတို့ကိုပါ ပေါက်ရောက် ကျော်ကြားသွားလေရာ ဆွတ်ဇာလန်နိုင်ငံ၊ ဂျီနီဝါးမြို့၌ရှိသော လီနင်၏ စိတ်မှာ ယခုကဲ့သို့ လက်နက်မပါသော ပြည်သူဆင်းရဲသားတို့အား စီတန်း၍ ခေါ်ယူသွားခြင်းသည် လက်နက်ပြည့်စုံသော စစ်သည်များ၏ ပြုလုပ်ရာကို ခံရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူဆင်းရဲသားတို့မှာ လက်နက်စွဲကိုင်မှသာလျှင် လက်နက်ချင်း ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်းနှင့် စိတ်ကူးပေါ်လာလေ၏။

ထို့နောက် မကြာမီ ရုရှားနိုင်ငံ ဆိုရှယ်ဒီမိုကရက်အသင်းဝင် အချို့သည် လီနင်ရှိရာ ဂျီနီဝါးမြို့သို့ ရောက်လာကြသောအခါ ပီတာစဘတ်မြို့တော်၌ ဖြစ်ပွားသောအရေးနှင့် ပတ်သက်၍ သေသေချာချာ ပြောဆိုမေးမြန်းခွင့်ရရှိလေသည်။

လီနင်သည် ထိုအသင်းဝင်တို့နှင့် တွေ့ဆုံရပြီးသည့်နောက် ရုရှားနိုင်ငံရှိ ဆိုရှယ်ဒီမိုကရက်အသင်းကြီး၏ ဘိုလ်ရှီဗျစ်ဂိုဏ်သားတို့အား ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးနှင့် လက်နက်စွဲကိုင်ကြရန် ကြံစည်သင့်ကြောင်းကို မိမိ၏ 'ဖော်ဝပ်' ခေါ် သတင်းစာမှ အပြင်းအထန် ထည့်သွင်းရေးသားလာခဲ့၏။

ထိုအခါ ပီတာစဘတ်မြို့တော်ရှိ ဘိုလ်ရှီဗျစ်ဂိုဏ်းက ကြေညာစာတမ်းတစ်ခု ထုတ်ဝေလာသည်မှာ အောက်ပါအတိုင်းဖြစ်၏။

□

mgyoe.com

mgyoe.com

## ပြည်သူဆင်းရဲသားအပေါင်းတို့...

ရုရှားနိုင်ငံတွင် ငါမင်းငါချင်း ပြုလုပ်အုပ်ချုပ်သော အစိုးရတို့က မညှာမတာ ရက်ရက်စက်စက် ပြုလုပ်လိုက်ပုံကို အသင်တို့၏ မျက်မှောက်တွင် မြင်ကြရလေပြီ၊ ပြည်သူဆင်းရဲသားအများတို့၏ သွေးသည် မြေသို့ကျဆင်းခဲ့ရလေပြီ၊ ဤကဲ့သို့ ပြည်သူဆင်းရဲသား အများတို့၏ သွေးသားယိုစီးကျဆင်းအောင် သေနတ်တို့ဖြင့် ပစ်ခတ်စေသူမှာ အဘယ်သူတို့ပေနည်း။ ထိုသူတို့မှာ ဇာဘုရင်နှင့် မှူးမတ်အရာရှိတို့ ဖြစ်ကုန်၏။ ထိုသူတို့ကား လူသတ်သမားများဖြစ်ကြသည့်အတိုင်း ထိုသူတို့ကို အဆုံးစီရင်ကြလော့။ ပြည်သူဆင်းရဲသားအပေါင်းတို့ လက်နက်စွဲကိုင်ကြလော့။ အစိုးရတို့၏ လက်နက်ခဲယမ်းတိုက်များကို အတင်းဖွင့်လှစ် ဖောက်ဖျက်ကြလော့။ ပုလိပ်ဌာနရှိသမျှကို တိုက်ခိုက် ဖျက်ဆီးပစ်ကြလော့။ ဇာဘုရင်၏ အုပ်စိုးရေးကို တွန်းလှန်ဖြိုဖျက်၍ ငါတို့ကိုယ်ပိုင်အစိုးရကို ဖွဲ့စည်းတည်ထောင်ကြကုန်အံ့။ အရေးတော်ပုံ အောင်ပါစေ။

ရုရှားနိုင်ငံတွင် ပုန်ကန်ထကြွလိုသောစိတ်တို့သည် တစ်နေ့တခြားတိုးတက်ဖြစ်ပွားလျက်ရှိလာရကား လီနင်သည် တတိယအကြိမ်မြောက်ကွန်ဂရက်အစည်းအဝေးကြီးတစ်ခုကို ခေါ်ဆိုကျင်းပရန် လိုလာကြောင်း

mgyoe.com

mgyoe.com


နှင့် ထင်မြင်သဘော ရရှိလေ၏။ ရုရှားနိုင်ငံရှိ ဆိုရှယ်ဒီမိုကရက် အသင်းကြီး၏ ဘိုလ်ရှီဗျစ်ဂိုဏ်းမှာလည်း မင်ရှီဗျစ်ဂိုဏ်းထက် တန်ခိုးထွက်၍ အင်အားကြီးမားလျက် ရှိ၏။ ဆိုခဲ့သော တတိယအကြိမ်မြောက် ကွန်ဂရက် အစည်းအဝေးကြီးမှာလည်း လန်ဒန်မြို့တော်၌ကျင်းပရန် စီမံလာသည်တွင် မာတိုးဆိုသူ အမှူးရှိသော မင်ရှီဗျစ်ဂိုဏ်းဝင်အချို့တို့က ကန့်ကွက်ပြောဆိုလာကြလေသည်။

ရုရှားနိုင်ငံမှာလည်း အလုပ်သမားအမြောက်အမြားတို့သည် အလုပ်မလုပ်ဘဲ တညီတညွတ်တည်း အကြီးအကျယ် အလုပ်ရပ်စဲလာကြသည်ဖြစ်ရာ အစိုးရတို့မှာ မကြံသာအောင် ဖြစ်လာပြန်လေ၏။ သို့ဖြစ်၍ ဇာဘုရင်မှာ ပြည်သူ့ဆန္ဒကို အနည်းငယ်လိုက်လျောသော သဘောဖြင့် ဒူမား ခေါ် ပါလီမန်လွှတ်တော်ကို ဖွင့်လှစ်ပေးရန် အမိန့်ထုတ်ပြန်လာရလေ၏။

ထိုသို့ ရုရှားနိုင်ငံတွင် အခြေအနေတို့သည် ပြောင်းလဲလျက်ရှိလာသည်တွင် လီနင်မှာ ရုရှားနိုင်ငံသို့ သွားရောက်ရန် စိတ်ဆန္ဒပေါ်ပေါက်လာသည့်အတိုင်း ဂျီနီဝါးမြို့မှ ထွက်ခွာခဲ့လေရာ ပီတာစဘတ်မြို့တော်သို့ ၁၉၀၅ ခုနှစ်၊ နိုဝင်ဘာလဆန်းတွင် ရောက်ရှိလေ၏။

လီနင်သည် ရုရှားနိုင်ငံသို့ ပြန်ရောက်သည့်အခါ တွေ့မြင်ရသော အခြေအနေတို့မှာ များစွာအားတက်ဖွယ်ရာဖြစ်လေ၏။ သို့ရာတွင် လီနင်မှာ တိတ်တဆိတ် လျှို့ဝှက်၍နေရသော်လည်း ယခင်ကကဲ့သို့ မဟုတ်ဘဲ အနေအထိုင် ချောင်ချိလာသည်ကို တွေ့ရလေသည်။ ရုရှားနိုင်ငံ ပြည်သူဆင်းရဲသားတို့မှာလည်း ရှေးကနှင့်မတူဘဲ အသံကျယ်လာကြ၏။

ဤကဲ့သို့အခြေအနေ ဖြစ်ပေါ်လာသည်တွင် ဇာဘုရင်၏ ကုန်းတပ်၊ ရေတပ်တို့မှ စစ်သည်များကလည်း အထက်အရာရှိတို့၏ အမိန့်ကို မနာခံ

mgyoe.com

mgyoe.com


ဖိဆန်သကဲ့သို့ ပြုလုပ်လာကြ၏။ ၎င်းပြင် ရုရှားတစ်နိုင်ငံလုံးတွင်လည်း ဇာဘုရင်အပေါ်မှာ ဂျပန်တို့ထံ စစ်ရေးရှုံးနိမ့်ခဲ့သည်တစ်ကြောင်း၊ ပီတာစဘတ်မြို့တော်၌လည်း လက်နက်မဲ့သော ပြည်သူဆင်းရဲသားတို့၏ သွေးသားကို ယိုစီးကျဆင်းစေခဲ့သည်တစ်ကြောင်း ဤအကြောင်းများကြောင့် ရေးကကဲ့သို့မဟုတ်ဘဲ အကြည်ညိုများစွာ ပျက်လျက်ရှိ၏။

လီနင်မှာ ၁၈၈၇ ခုနှစ် မိမိ၏အစ်ကို ကြိုးဒဏ်စီရင်ခြင်းခံရသည့် နေ့မှစ၍ ရုရှားနိုင်ငံ၏အခြေအနေကို အထူးသဖြင့် ကြည့်ရှုမှတ်သားလာခဲ့ရာ ယခုကဲ့သို့ ပြောင်းလဲလာသော အခြေအနေကို ကိုယ်တိုင်တွေ့မြင်ရသည့်အတိုင်း ပီတာစဘတ်မြို့တော်ပေါ်တွင် မိတ်ဆွေတို့နှင့် အတူ ရဲရဲနေထိုင်သွားလာဝံ့လေ၏။

တစ်နေ့သောအခါ လီနင်နေထိုင်ရာအနီးတွင် အစိုးရစုံထောက်တို့ ရောက်လာသည်ကို အိမ်ရှင်ဖြစ်သူက မြင်သဖြင့် ခြောက်လုံးပြူး သေနတ်ဖြင့် ပစ်ခတ်မည်ကြံလေ၏။ သို့သော် လီနင်က မပစ်ရန် ဟန့်တားရပြီးနောက် အစိုးရစုံထောက်တို့ မရှိသည့်အခိုက်တွင် တခြား တစ်နေရာသို့ ရွှေ့ပြောင်းခြင်းပြုလေ၏။

ထို့နောက် လီနင်သည် ပီတာစဘတ်မြို့တော်၌ မဂ္ဂဇင်း ဂေါ်ကီး ဆိုသူ ထုတ်ဝေနေသော 'ဘဝသစ်' ခေါ် သတင်းစာတွင် တော်လှန်ပုန်ကန်ရေးအတွက် အကြံဉာဏ်တို့ကို ရှင်းရှင်းလင်းလင်း ကွင်းကွင်းကွက်ကွက်နှင့် ရေးသားထည့်သွင်းလာခဲ့သည်တွင် ထိုသတင်းစာမှာ ဘိုလ်ရှီဗျစ်ဂိုဏ်း၏ နည်းပေးလမ်းပြသဖွယ် ဖြစ်လာလေ၏။

❒

mgyoe.com

mgyoe.com

## ဆိုဗီယက်အဖွဲ့ပေါ်လာခြင်း

ထိုအတောအတွင်းတွင် ရုရှားနိုင်ငံ လွတ်မြောက်ချမ်းသာရေးအတွက် ဖွဲ့စည်းသော ဆိုဗီယက် ခေါ် အဖွဲ့သစ်တစ်ခုသည် ပီတာစဘတ်မြို့တော်ပေါ်၌ ပေါ်ပေါက်လာ၏။ ထိုဆိုဗီယက်အဖွဲ့မှာ အလုပ်သမားများ၏ ကိုယ်စားလှယ်အဖွဲ့ဖြစ်၍ ပီတာစဘတ်မြို့တော်ပေါ်ရှိ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားတို့အား နည်းပေးလမ်းပြ ဦးစီးခေါင်းဆောင်ပြုလုပ်လျက်ရှိ၏။ ဆိုဗီယက်ဆိုသော ရုရှားဘာသာစကားမှာ အင်္ဂလိပ်ဘာသာဖြင့် 'ကောင်စီ'၊ မြန်မာဘာသာဖြင့် 'အဖွဲ့' ဟူသော အဓိပ္ပာယ်ရှိ၏။ ဆိုခဲ့သော ပီတာစဘတ်မြို့တော်ပေါ်ရှိ ဆိုဗီယက်အဖွဲ့မှာ ဘိုလ်ရှီဗျစ်ဂိုဏ်းကသော်လည်းကောင်း၊ မင်ရှီဗျစ်ဂိုဏ်းကသော်လည်းကောင်း ဖွဲ့စည်းရခြင်းမဟုတ်ဘဲ မည်သူမည်ဝါတို့က စတင်ဖွဲ့စည်းလိုက်သည်မှာ မသိသာ မထင်ရှားဖြစ်၏။ သို့ရာတွင် လီနင်သည် ထိုဆိုဗီယက်အဖွဲ့ကို များစွာသဘောကျသည့်အတိုင်း အစည်းအဝေးများသို့ ကိုယ်တိုင်တက်ရောက်ပြီးလျှင် အကြံပေး ဉာဏ်ပေးပြုလုပ်နိုင်သမျှ ပြုလုပ်လာခဲ့၏။ ထို့နောက် လီနင်သည် မော်စကိုမြို့၌လည်း ဆိုဗီယက် အဖွဲ့ရှိကြောင်းကို သိလာသည်တွင် မော်စကိုမြို့သို့တစ်ဖန် လိုက်သွားပြန်လေ၏။ မော်စကို

mgyoe.com

mgyoe.com


မြို့ရှိ ဆိုဗီယက်အဖွဲ့တွင် ပါဝင်သူတို့မှာ များသောအားဖြင့် လီနင်၏ ဘိုလ်ရှီဗျစ်ဂိုဏ်းသားများ ဖြစ်နေကြလေ၏။

ထို့ပြင် မော်စကိုမြို့တွင် အလုပ်သမား၊ ဆင်းရဲသားအများတို့မှာလည်း အစိုးရတို့ကို အရေးရှိက ခုခံတိုက်ခိုက်ရန် အသင့်ရှိနေကြသည် ဖြစ်ရကား လီနင်မှာ မော်စကိုမြို့ကို ပီတာစဘတ်မြို့တော်ထက် နှစ်သက်သဘောကျလျက် ရှိ၏။

ရုရှားနိုင်ငံအစိုးရတို့မှာလည်း ဂျပန်တို့နှင့် စစ်ပြေငြိမ်းပြီးသည့်နောက် လုံးပါးပါးနေခဲ့ရာမှ ပြင်သစ်နိုင်ငံက ကြေးငွေအမြောက်အမြား ချေးငှား၍ ရရှိလာသည့်အတိုင်း အားရှိလာပြန်လေ၏။ ထိုအခါ ရုရှားအစိုးရတို့သည် ပီတာစဘတ်မြို့တော်ရှိ ဆိုဗီယက်အဖွဲ့ခေါင်းဆောင်တို့ကို လိုက်လံဖမ်းဆီးခြင်း ပြုလေသည်။

ထိုသို့ ပီတာစဘတ်မြို့တော်၌ ဆိုဗီယက်အဖွဲ့ခေါင်းဆောင်တို့ကို ဖမ်းဆီးလာသည်တွင် မော်စကိုမြို့ရှိ ဆိုဗီယက်အဖွဲ့ဝင် အလုပ်သမားတို့က အလုပ်မလုပ်ဘဲ ရပ်စဲလာကြလေ၏။ ထိုအခါ မော်စကိုမြို့ရှိ အစိုးရစစ်သည်တို့ကလည်း အလုပ်ရပ်စဲကြသော အလုပ်သမားများအပေါ်တွင် ကြင်နာခြင်းသဘောကိုပြလာကြလေရာ ဆိုဗီယက်အဖွဲ့က အလုပ်သမားတို့အား လက်နက်စွဲကိုင်၍ ထကြွလာကြစေရန် ဆင့်ဆိုလာ၏။

ဆင့်ဆိုသည့်အတိုင်းလည်း အလုပ်သမားများ လှုပ်ရှားထကြွလာသည်တွင် စစ်သည်တို့က တစ်စုံတစ်ရာမပြုလုပ်ဘဲ မျက်နှာလွှဲနေကြရကား စစ်တပ်ဗိုလ်ကြီးမှာ ပီတာစဘတ်မြို့တော်မှ စစ်သားတို့ကို ခေါ်ယူ၍ လှုပ်ရှားထကြွသော အလုပ်သမားတို့အား နှိမ်နင်းခြင်းပြုရလေ၏။ သို့သော် အလုပ်သမားတို့ကလည်း လက်နက်စွဲကိုင်၍ ခုခံလာခဲ့ရာ ရက်အနည်းငယ်ကြာရှိသည့်နောက်မှ အရေးမလှဘဲ တကွဲတပြား ဖြစ်ကုန်ကြလေသည်။

mgyoe.com

mgyoe.com


ထိုအခါ ရုရှားအစိုးရတို့သည် ထောင်ပေါင်းများစွာသော လူတို့အား အရမ်းဖမ်းဆီးပြီးလျှင် အချို့ကို သေဒဏ်လည်းကောင်း၊ အချို့ကို အကျဉ်းထောင်ဒဏ်လည်းကောင်း စီရင်ခြင်းပြုလေ၏။ ဆိုခဲ့သည့်အတိုင်း ရုရှားအစိုးရတို့က လှုပ်ရှားထကြွသော အလုပ်သမားတို့အား အပြင်းအထန် ဖိစီးနှိပ်ကွပ်လာသောအခါ ရုရှားတစ်နိုင်ငံလုံးတွင် ငြိမ်ဝပ်သွားသော်လည်း ဇာဘုရင်အပေါ် တစ်သက်လုံး အခဲမကြေအောင် ဖြစ်လာကြကုန်၏။

လီနင်မှာလည်း မော်စကိုမြို့ရှိ အလုပ်သမားများ ဖိစီးနှိပ်ကွပ်ခြင်းခံရ၍ အရေးမလှဖြစ်ရသည်ကို သိရှိစေကာမူ စိတ်အားမလျှော့ဘဲ နောက်ထပ် အချက်ကောင်းကို စောင့်ကြည့်ဦးမည်ဟု သဘောပိုက်လာခဲ့၏။ ၎င်းပြင် အလုပ်သမားများ လက်နက်စွဲကိုင်၍ ထကြွလာခဲ့သည်မှာ တစ်နည်းအားဖြင့် အတွေ့အကြုံဖြစ်လာသည့်အတိုင်း နောက်တစ်ကြိမ်ထကြွမည့် အလုပ်သမားတို့မှာ တိုး၍ ကျွမ်းကျင်နားလည်လာမည်ဖြစ်သဖြင့် မိမိကိုယ်တိုင် ဦးစီးခေါင်းဆောင်လုပ်ကာ ပါဝင်နိုင်မည်ဟု ထင်မြင်အောက်မေ့မိလေ၏။

သို့ရာတွင် ရုရှားအစိုးရတို့၏ အပြင်းအထန် ဖိစီးနှိပ်ကွပ်လာခြင်းကြောင့် ဘိုလ်ရှီဗျစ်ဂိုဏ်းဝင်တို့မှာ မြေအောက်ရှိ မြေတိုက်တို့၌သာလျှင် ပုန်းလျှိုး၍ အစည်းအဝေး ပြုလုပ်နိုင်ကြလေသည်။ ပီတာစဘတ်မြို့တော်ရှိ ဘိုလ်ရှီဗျစ်ဂိုဏ်း၏ ဘဝသစ်ခေါ် သတင်းစာနှင့် ဆိုင်ရာလူတို့ကိုလည်း ဖမ်းဆီးခြင်း ပြုလာပြန်သောအခါ လီနင်မှာ ဖင်လင်နယ်ထဲသို့ ကျူးကျော်၍ တိမ်းရှောင်သွားရလေ၏။

ထိုအတောအတွင်း လက်ဦးအကြိမ်ဖွဲ့စည်းသော ဒူးမားခေါ် ပါလီမန်လွှတ်တော်တွင် ပါလီမန်လူကြီးအချို့တို့က အခွင့်အရေးများကို တိုးတက်တောင်းဆိုလာကြသည့်အတိုင်း အစိုးရတို့မှာ ထိုပါလီမန်

mgyoe.com

mgyoe.com



လွှတ်တော်ကို ရုတ်တရက် ဖျက်သိမ်းခြင်းပြုလုပ်ရပြန်လေ၏။ ထိုအခါ ပါလီမန်လူကြီးတို့သည် မခံမရပ်နိုင်ဖြစ်ပြီးလျှင် ရုရှားနိုင်ငံပြည်သူ ဆင်းရဲသားတို့အား အခွန်တော် မထမ်းမဆောင်ကြရန် တိုက်တွန်းနှိုးဆော်ကြလေ၏။ ရုရှားအစိုးရတို့က ထိုသို့ တိုက်တွန်းနှိုးဆော်သော ပါလီမန် လူကြီးအချို့အား ဖမ်းဆီးခြင်းပြုလာသည်တွင် ကရုံစတက်မြို့နှင့် ဆဗီဘော့မြို့တို့က လှုပ်ရှားထကြွလာရကား အစိုးရတို့မှာ အကြီးအကျယ် ဖိစီးနှိပ်ကွပ်လာပြန်လေ၏။

လီနင်မှာလည်း ရုရှားနိုင်ငံ ပီတာစဘတ်မြို့တော်၌ မနေနိုင်ဘဲ ဖင်လင်နယ် ကောကာလမြို့၌ သွားရောက်နေထိုင်လျက်ရှိရာ၊ ၎င်း ကောကာလမြို့နှင့် ရုရှားနိုင်ငံ ပီတာစဘတ်မြို့တော်မှာ နေ့ချင်းပေါက်နိုင်သည်ဖြစ်၍ လီနင်နေထိုင်ရာအိမ်သို့ ရုရှားနိုင်ငံတွင်းမှ ဘိုလ်ရှီဗျစ်ဂိုဏ်းဝင်တို့သည် မကြာမကြာ ရောက်လျက်ရှိကြလေ၏။

"ကျွန်မတို့အိမ်မှာ ဧည့်သည်တို့သည် အချိန်မတော်၌လည်း ရောက်လာတတ်သောကြောင့် ဧည့်ခန်းတွင် အိပ်ရာအိပ်ခင်းတို့ကို အမြဲခင်းကျင်း၍ထားရကြောင်း၊ ၎င်းပြင် ညဥ့်အချိန်မတော် ရောက်သူများအတွက်လည်း စားသောက်ရန် နွားနို့တစ်ကရားနှင့် မုန့်များကို စားပွဲပေါ်၌ တင်ထားရကြောင်း နံနက် အိပ်ရာမှထသောအခါ ဧည့်ခန်းတွင် ဧည့်သည်များ ညကပင် ရောက်နေသည်ကို တွေ့ရကြောင်း" စသည်ဖြင့် ကရုပ်ကရားဆိုသော လီနင်၏ဇနီးဖြစ်သူက ပြောဆိုလေသည်။

❑

mgyoe.com

mgyoe.com

## နိုင်ငံရေးတွင် လှေနံစားထစ်မလုပ်ခြင်း

လီနင်သည် ဖင်လင်နယ်၌ နေထိုင်လျက်ရှိစဉ် ရုရှားနိုင်ငံတွင်းမှ ဂိုဏ်းဝင်အချို့တို့ မကြာခဏရောက်လာကြသည့်အတိုင်း ရုရှားနိုင်ငံ၏ အခြေအနေကို ပြောဆိုမေးမြန်းခွင့်ရ၏။ ထို့ကြောင့် နောက်ထပ် သတင်းစာ အသစ် တစ်စောင်ကို 'ပြည်သူဆင်းရဲသားသာ' အမည်ဖြင့် ထုတ်ဝေရန် ကြံစည်လာခဲ့သည်တွင် မကျန်းမမာဖြစ်လာပြန်ရကား ဆရာဝန်၏အကြံပေးချက်ဖြင့် အနားယူရန် စတာဟုဒင်ဆိုသော အရပ်သို့ ထွက်ခွာသွားရလေ၏။

ထိုအရပ်၌ ရက်အတော်ကြာနေပြီးသည့်နောက် အနည်းငယ် ကျန်းမာလာလေရာ လီနင်၏စိတ်မှာ ရုရှားနိုင်ငံတွင် ပုန်ကန်ထကြွရေး အတွက် အခါအခွင့် မကောင်းသေးကြောင်းကို သိရှိလာသည့်အတိုင်း ရုရှားနိုင်ငံရှိ ဘိုလ်ရှီဗျစ်ဂိုဏ်းဝင်တို့အား ဒူးမား ခေါ် ပါလီမန်လွှတ်တော် ကို သပိတ်မှောက်ထားရာမှ ပြန်လှန်၍ နောက်လာမည့် တတိယအကြိမ် ရွေးကောက်ပွဲကြီးတွင် ပါဝင်အရွေးခံကြရန် တိုက်တွန်းနှိုးဆော်ခြင်း ပြုလုပ်လေ၏။

နိုင်ငံရေးတွင် လီနင်၏ ထူးချွန်သောအလုပ်တစ်ခုမှာ လှေနံ

mgyoe.com

mgyoe.com


ဓားထစ် မလုပ်ဘဲ အခါအခွင့်သင့်သလို ကြည့်ရှု၍ လုပ်တတ်ခြင်းဖြစ်၏။ ဤကဲ့သို့ နိုင်ငံရေးတွင် အခါအခွင့် သင့်သလို ပြုပြင်ပြောင်းလဲ၍ လုပ်ကိုင်ရာတွင် မိမိ၏ ဂိုဏ်းဝင်တို့နှင့်ပင် တစ်ခါတစ်ရံ သဘောချင်း ကွဲလွဲခဲ့လေသည်။

ရုရှားနိုင်ငံအစိုးရတို့မှာလည်း လီနင်ကို အထူးသဖြင့် အရေးယူ၍ ရှာဖွေစုံစမ်းလျက်ရှိသည်တွင် လီနင်မှာ ဖင်လင်နယ်ထဲ၌ နေထိုင်ရန် စိတ်မချရဖြစ်လာသောကြောင့် ဆွတ်ဇာလန်နိုင်ငံသို့ ကျူးကျော်သွားရန် အကြောင်းဖြစ်ပေါ်လာပြန်လေ၏။ အကယ်၍ လီနင်မှာ ရုရှားနိုင်ငံ အစိုးရတို့၏ ဖမ်းဆီးခြင်းကိုခံရမည်ဆိုလျှင် သေဒဏ်စီရင်ခြင်းခံရမည် မှာ မလွဲဖြစ်၏။ သို့ဖြစ်သည့်အတိုင်း ဆွတ်ဇာလန်နိုင်ငံထဲသို့ ဝင်ရောက် ခိုအောင်းရန် ကြံစည်လာရခြင်းဖြစ်၏။

လီနင်သည် ဆွတ်ဇာလန်နိုင်ငံသို့ သွားနေရလျှင် ရုရှားနိုင်ငံ ပုန်ကန်ထကြွရေးကိစ္စမှာ နှောင့်နှေးကြန့်ကြာလာရမည်ကို အလွန်စိုးရိမ် ပူပန်ခြင်းဖြစ်၏။ သို့သော်လည်း အခါအခွင့်မသင့်သဖြင့် သည်းညည်းခံ ရမည်ဖြစ်သည့်အတိုင်း ဆွတ်ဇာလန်နိုင်ငံသို့ ထွက်ခွာ၍သွားရသောအခါ လမ်းခရီးတွင် ရုရှားဆိုရှယ်လစ်အသင်းဝင်အချို့နှင့် တွေ့ဆုံလေ၏။

ဂျာမနီနိုင်ငံ၊ ဘာလင်မြို့သို့ရောက်သောအခါ အထက်က သိကျွမ်းခဲ့ဖူးသော ဂျာမန်ဆိုရှယ်လစ်အသင်းဝင် ရိုဇာလူဇင်ဘတ်ဆို သော အမျိုးသမီးနှင့် သွားရောက်တွေ့ဆုံခြင်းပြု၏။ ထို့နောက် ဂျာမနီ နိုင်ငံမှတစ်ဖန် ထွက်ခွာလာခဲ့သည်တွင် ဆွတ်ဇာလန်နိုင်ငံ ဂျီနီဝါးမြို့သို့ ၁၉၀၈ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့ ဆိုက်ရောက်လေ၏။ ဆွတ်ဇာလန် နိုင်ငံသို့ရောက်ရှိသောအခါ ယခင်နှစ်နှစ်ခန့်က တွေ့ရှိခဲ့သော အခြေအနေ နှင့် လုံးလုံးမတူဘဲ အခြေအနေများစွာ ဆုတ်ယုတ်နေကြောင်း တွေ့လာ ရလေ၏။ ယခင်နှစ်နှစ်ကျော်က ဆွတ်ဇာလန်နိုင်ငံတွင် ရောက်ရှိခဲ့စဉ်

mgyoe.com

mgyoe.com


လီနင်သည် ထိုဆွတ်ဇာလန်နိုင်ငံ၌ ကျင်းပသော အတိုင်းတိုင်းအနိုင်နိုင်ငံဆိုင်ရာ ဆိုရှယ်လစ်အစည်းအဝေးကြီးကို တက်ရောက်ခဲ့ဖူးလေသည်။

အတိုင်းတိုင်းအနိုင်နိုင်ငံဆိုင်ရာ ဆိုရှယ်လစ်ကွန်ဖရင့်အစည်းအဝေးကြီးမှာ တိုင်းနိုင်ငံ လူအမျိုးမျိုးထဲမှ အလုပ်သမားများ ပါဝင်တက်ရောက်ခြင်း ပြုကြလေသည်။ ဤကဲ့သို့ အတိုင်းတိုင်းအနိုင်နိုင်ငံဆိုင်ရာ ကွန်ဖရင့်အစည်းအဝေးကြီးကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော်ရှိ အလုပ်သမားခေါင်းဆောင်တို့က ၁၈၆၄ ခုနှစ်၊ စက်တင်ဘာလထဲတွင် လက်ဦးပထမ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်၏။

ထိုလက်ဦးပထမ ကွန်ဖရင့်အစည်းအဝေးကြီး၌ ဂျာမန် ပညာရှိကြီး ကားလ်မတ်ရေးသားသော 'အလုပ်သမားဆင်းရဲသားများစဉ်းစားရန်' ဆိုသော စာတမ်းကို အစည်းအဝေးကြီး၏ မူလသဘောထားအခြေခံအဖြစ်ဖြင့် ပြဋ္ဌာန်းအတည်ပြုခဲ့လေသည်။ ထိုအခါက အိုဝင်းဆိုသူ ပညာရှိကြီးနှင့် မာဇနီဆိုသူ ပညာရှိကြီးတို့၏ အယူဝါဒကို ကြိုက်နှစ်သက်သောသူ အချို့က တင်သွင်းချက်ကိုမူကား လက်မခံဘဲ ပယ်ချခဲ့၏။

ဆိုခဲ့သော အတိုင်းတိုင်းအနိုင်နိုင်ငံဆိုင်ရာ ကွန်ဖရင့်အစည်းအဝေးကြီးမှာ လက်ဦးအစ လန်ဒန်မြို့၌ ကျင်းပစဉ်ကပင် ကားလ်မတ်ဆိုသူ ဂျာမန်ပညာရှိကြီး၏ ဘုံဝါဒနည်းစနစ်ကို အခြေခံထားခဲ့သည့်အတိုင်း ထိုကွန်ဖရင့်အစည်းအဝေးကြီးကို လန်ဒန်မြို့တော်၌ပင် ၁၈၆၅ ခုနှစ်တွင်လည်းကောင်း၊ ဂျီနီဝါးမြို့၌ ၁၈၆၆ ခုနှစ်တွင်လည်းကောင်း၊ လူဇံမြို့၌ ၁၈၆၇ ခုနှစ်တွင်လည်းကောင်း၊ ဘရပ်ဆယ်မြို့၌ ၁၈၆၈ ခုနှစ်တွင်လည်းကောင်း၊ ဘန်းမြို့၌ ၁၈၆၉ ခုနှစ်တွင်လည်းကောင်း၊ ဟိတ်မြို့၌ ၁၈၇၂ ခုနှစ်တွင်လည်းကောင်း ဆက်ခါဆက်ခါ စည်းဝေးကျင်းပလာခဲ့လေသည်။ ဤကဲ့သို့ ဟိတ်မြို့၌ ကျင်းပသော ကွန်ဖရင့် အစည်းအဝေး

mgyoe.com

mgyoe.com


ကြီးမှာဆိုခဲ့သော အတိုင်းတိုင်းအနိုင်နိုင်ငံဆိုင်ရာ ကွန်ဖရင့် အစည်းအဝေးကြီး၏ နောက်ဆုံး အစည်းအဝေးဖြစ်၏။

ထို့နောက် နှစ်ပေါင်းအတော်ကြာလာသောအခါ ပြင်သစ်နိုင်ငံ ပါရီမြို့တော်၌ ၁၈၈၉ ခုနှစ်တွင် ကွန်ဂရက်အစည်းအဝေးကြီးတစ်ခုကို နောက်ထပ်ခေါ်ဆိုကျင်းပလာခဲ့ပြန်၏။ ထို့ကြောင့် ကွန်ဂရက် အစည်းအဝေးကြီးနှစ်ခုရှိခဲ့ရာ တစ်ခုမှာ ပြင်သစ်နိုင်ငံ ပါရီမြို့တော်၌ ကျင်းပသော အစည်းအဝေးဖြစ်၍ အခြားတစ်ခုမှာ ဂျာမနီနိုင်ငံ စတပ်ဂတ်မြို့၌ ကျင်းပသော အစည်းအဝေးဖြစ်၏။

ထိုအချိန် ထိုအခါမှစ၍လည်း အတိုင်းတိုင်းအနိုင်နိုင်ငံလုံးဆိုင်ရာ ဆိုရှယ်လစ်ကွန်ဂရက် အစည်းအဝေးကြီးများ သုံးနှစ်လျှင် တစ်ကြိမ်ကျ မှန်မှန် ကျင်းပလာခဲ့သည့်အပြင် အစည်းအဝေးလေးများကိုမူကား ရံဖန်ရံခါ စည်းဝေးလာခဲ့ကြလေသည်။ ၎င်းအတိုင်းတိုင်းအနိုင်နိုင်ငံလုံးဆိုင်ရာ ဆိုရှယ်လစ် ကွန်ဂရက်အစည်းအဝေးကြီး၏ အလုပ်ရုံးကို ဘရပ်ဆယ်မြို့၌ ထားရှိခဲ့၏။ ထို့နောက် လန်ဒန်မြို့တော်၌ အလုပ်ရုံးကို ပြောင်းရွှေ့လာပြီးလျှင် နောက်ဆုံး၌ ဇူးရစ်မြို့သို့ တစ်ဖန် ပြောင်းရွှေ့လာခဲ့လေသည်။

ဆိုခဲ့သော ပြင်သစ်နိုင်ငံ ပါရီမြို့တော် ကွန်ဂရက်အစည်းအဝေးကြီးနှင့် ဂျာမနီနိုင်ငံ စတင်ဂတ်မြို့တော် ကွန်ဂရက်အစည်းအဝေးကြီး နှစ်ခုမှာ ကမ္ဘာ့ပေါ်ရှိ အလုပ်သမားများထဲတွင် ပထမအင်တာနေရှင်နယ် အစည်းအဝေးကြီး၊ ဒုတိယအင်တာနေရှင်နယ်အစည်းအဝေးကြီးဟူ၍ အသိအမှတ်ပြု ပြောဆိုလာခဲ့ကြ၏။

လီနင်သည် ဒုတိယ အင်တာနေရှင်နယ်အစည်းအဝေးကြီးသို့ ကိုယ်တိုင် တက်ရောက်ခဲ့ဖူးသည့်အတိုင်း အတိုင်းတိုင်းအနိုင်နိုင်ငံတို့မှ ကိုယ်စားလှယ်ကြီးများ အထူးသဖြင့် ဂျာမနီနိုင်ငံနှင့် အင်္ဂလန်နိုင်ငံတို့မှ ကိုယ်စားလှယ်ကြီးများနှင့် တွေ့ဆုံခဲ့ရလေသည်။

mgyoe.com

mgyoe.com


ထို့နောက် ကမ္ဘာစစ်ကြီးဖြစ်ပွားလာခဲ့သည်တွင် ဆိုခဲ့သော အစည်းအဝေးကြီးများမှာ ရပ်စဲလာခဲ့လေရာ လီနင်သည် ရုရှားနိုင်ငံ၌ ဦးစီးဦးကိုင်အဖြစ်သို့ ရောက်ရှိသည့်ကာလ ရှေးဦးစွာ စီမံဆောင်ရွက်ချက် တစ်ခုမှာ တတိယအစည်းအဝေးကြီး ခေါ်ဆိုခြင်းဖြစ်၏။

လီနင်သည် ဆွတ်ဇာလန်နိုင်ငံရှိ ဂျီနီဝါးမြို့သို့ နောက်ထပ် တစ်ကြိမ် ပြန်လည်ရောက်ရှိသည့်နောက် မကြာမီအတွင်းတွင် ယခင်က သိကျွမ်းခဲ့ဖူးသော မဂ္ဂဇင်း ဂေါ်ကီးဆိုသူထံမှ ၎င်း၏နေထိုင်ရာ ကေပရီ ကျွန်းကလေးသို့ အလည်လာရောက်စေလိုကြောင်းနှင့် ပေးပို့လိုက်သော စာတစ်စောင်ကို ရရှိလေ၏။ ထိုအခါ လီနင်မှာလည်း မဂ္ဂဇင်းဂေါ်ကီး ဆိုသူနှင့် များစွာတွေ့ဆုံလိုသည့်အတိုင်း ထိုကျွန်းလေးသို့ အလည်လာခဲ့ မည့်အကြောင်းနှင့် ရေးသားပြန်ကြားလိုက်လေသည်။

သို့ရာတွင် လီနင်မှာ နောက်သတင်းစာတစ်စောင်အသစ် ထုတ်ဝေ ရန် အလုပ်များနေသည့်အပြင် ရုရှားနိုင်ငံဆိုရှယ်ဒီမိုကရက် အသင်းဝင် များ သဘောကွဲလွဲလောက်အောင် ဝါဒတစ်မျိုးပေါ်ပေါက်လာပြန်သဖြင့် ထိုဝါဒအတွက် လီနင်မှာ တိုး၍ မအားအောင် ဖြစ်လာခဲ့ပြန်၏။

ထိုဝါဒမှာ ဆိုရှယ်လစ် ခေါ် ဘုံဝါဒနည်းစနစ်တွင် ဘာသာရေး သဘောပါဝင်သက်ရောက်လာသော ဝါဒတစ်မျိုးဖြစ်ရာ ထိုဝါဒသစ် အတိုင်း လိုက်နာမည်ဆိုလျှင် ဖြစ်နိုင်မည် မဟုတ်ကြောင်းကို လီနင်မှာ ကောင်းစွာ သိရှိလာ၏။ သို့သိရှိသည့်အတိုင်း ထိုဝါဒကို လက်မခံသင့် ကြောင်းနှင့် အပြင်းအထန် ခုခံပြောဆိုလျက်ရှိလေ၏။

ထိုအတောအတွင်းတွင် ရုရှားနိုင်ငံမှာလည်း ဇာဘုရင်က စတိုလပင် ဆိုသူအား ပြန်၍ နန်းရင်းဝန် ခန့်ထားခဲ့ရာ ထိုနန်းရင်းဝန်ကြီးသည် ဇာဘုရင်၏ အလိုကျအတိုင်း နိုင်ငံတွင်း အပြင်းအထန် ဖိစီးနှိပ်ကွပ်ခြင်း ပြုလုပ်လာခဲ့၏။ သို့သော် စတိုလပင်ဆိုသူ ထိုနန်းရင်းဝန်ကြီးမှာ ၁၉၁၀

mgyoe.com

mgyoe.com


ခုနှစ်ကုန်ခါနီးလောက်တွင် အသေသတ်ခြင်း ခံလာရလေသည်။

ငင်းပြင် ရုရှားနိုင်ငံ၌လည်း အယူသီးသော မှူးမတ်မျိုးရိုးတို့နှင့် မြေပိုင်ရှင်သူဌေးကြီးတို့က ဇာဘုရင်၏ အုပ်စိုးရေးကို ထောက်ခံလျက် ရှိကြ၍ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းရှင်တို့နှင့် ကုန်သည်ပညာတတ်တို့က မူ ထိုအယူသီးသူတို့ကဲ့သို့မဟုတ်ဘဲ ပြည်သူဆင်းရဲသားများဘက်မှ ပြောဆို ဆောင်ရွက်သင့်သလောက် ပြောဆိုဆောင်ရွက်လာကြလေသည်။

ဤကဲ့သို့ ပြည်သူဆင်းရဲသားများဘက်မှ လိုက်ပါဆောင်ရွက်လာ သောလုပ်ငန်းရှင်တို့နှင့် ကုန်သည်ပညာတတ်တို့အပေါ်တွင် အလုပ်သမား များစွာတို့က ယုံကြည်ကိုးစားလာခဲ့ကြသည့်အတိုင်း ထိုလုပ်ငန်းရှင်နှင့် ကုန်သည်ပညာတတ်တို့မှာ ဆိုရှယ်ဒီမိုကရက်အသင်းကြီးတွင် 'ကဒက်' ဆိုသော အဖွဲ့အမည်ဖြင့် ပါဝင်လျက်ရှိကြ၏။

ဆိုခဲ့သည့်အတိုင်း ရုရှားနိုင်ငံ ဆိုရှယ်ဒီမိုကရက်အသင်းကြီးတွင် လုပ်ငန်းရှင်နှင့် ကုန်သည်တို့ ပါဝင်လာခဲ့ကြရာ လီနင်အမှူးရှိသော ဘိုလ်ရှီဗျစ်ဂိုဏ်းက အလျှင်းသဘောမကျဖြစ်လာကြ၏။

လီနင်မှာလည်း ရုရှားနိုင်ငံ၌ ဖြစ်ပေါ်နေသော အရေးကိစ္စနှင့် နီးကပ်စွာရှိစေခြင်းငှာ ဂျီနီဝါးမြို့မှ ဂါလီဆီးယားနယ်၊ ပရိုနင်ရွာလေးသို့ ပြောင်းရွှေ့လာခဲ့လေရာ ထိုရွာလေးသို့ ရုရှားနိုင်ငံတွင်းမှ မိမိ၏ဂိုဏ်းဝင် တို့သည် နေ့စဉ်လိုပင် ရောက်လာနိုင်ကြလေ၏။

လီနင်မှာလည်း မိမိ၏ဂိုဏ်းဝင်တို့နှင့် နေ့စဉ်နေ့တိုင်း တွေ့ဆုံခွင့် ရရှိလာလေရာ အခြားအယူဝါဒတို့ကို လုံးလုံးမလိုက်နာဘဲ ရုရှားနိုင်ငံ တွင် ဇာဘုရင်အုပ်စိုးရေးကို မည်ကဲ့သို့ တွန်းလှန်ဖြိုဖျက်ရပါမည်နည်း ဆိုသော အယူဝါဒတစ်မျိုးတည်းကိုသာ စွဲမြဲစွာ လိုက်နာကြရန် တိုက်တွန်း နှိုးဆော်ခြင်း ပြုလုပ်နေလေ၏။

❐

mgyoe.com

mgyoe.com

# ပထမအကြိမ် ပုန်ကန်ထကြွလာခြင်း

၁၉၀၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ပီတာစဘတ်မြို့တော်၌ ဆူပူသောင်းကျန်းပြုလုပ်သော အလုပ်သမားတို့အား အစိုးရတို့က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်လိုက်ခြင်းသည် ရုရှားနိုင်ငံ ပြည်သူ ဆင်းရဲသားများအနက် ဇာဘုရင်အပေါ် အကြည်ညိုစိတ်မပျက်သေးဘဲ ကြွင်းကျန်နေသူတို့ကိုပင် လုံးလုံးတစ်ခါတည်း အကြည်ညိုကင်းမဲ့ခြင်း ဖြစ်လာစေသည့်အတိုင်း ရုရှားနိုင်ငံတွင် လက်ဦးပထမအကြိမ် ပုန်ကန် ထကြွခြင်း ဖြစ်ပေါ်လာလေ၏။ ထိုအခါ လီနင်ကိုယ်တိုင်ကလည်း ပီတာစဘတ်မြို့တော်သို့ ရောက်လျက်ရှိနေလေ၏။ ထိုသို့ လီနင်သည် ပီတာစဘတ်မြို့တော်သို့ မရောက်မီ ရုရှားနိုင်ငံရှိ အလုပ်သမားများနှင့် ပြည်သူဆင်းရဲသားတို့အား ပုန်ကန်ထကြွစေရန် သတင်းစာဖြင့် များစွာ ရေးသားလှုံ့ဆော်ပေးခဲ့၏။

ထိုလှုံ့ဆော်ပေးသည့်အတိုင်းလည်း ရုရှားနိုင်ငံတွင် တောင်သူ ဆင်းရဲသားအများတို့က အလွန်နိုးကြားထကြွလာကြပြီးသော် ၎င်းတို့ စိုက်ပျိုးလုပ်ကိုင်နေသော လယ်ယာ ချောင်း မြောင်းများနှင့် ၎င်းလယ်ယာ ပိုင်ရှင်သူဌေးတို့အပေါ် မည်ကဲ့သို့ စီရင်ပြုလုပ်ရပါမည်နည်းဟု တွေးတော

mgyoe.com

mgyoe.com


လာကြလေ၏။ ထိုမှတစ်ပါး ရုရှားနိုင်ငံရှိ တော်လှန်ပုန်ကန်ရေး ပါတီအသင်းများအနက် ဆိုရှယ်လစ်သူပုန်အသင်းကလည်း ရုရှားနိုင်ငံရှိ လယ်ယာ ချောင်း မြောင်းများကို ကိုယ်ထိလက်ရောက် စိုက်ပျိုးလုပ်ကိုင်နေကြသော ရုရှား တောင်သူဆင်းရဲသားအများတို့အား ခွဲခြမ်း၍ ပေးဝေသင့်ကြောင်းနှင့် ဟောပြောလာကြလေ၏။

ထိုသို့ လယ်ယာ ချောင်း မြောင်းများကို မြေပိုင်ရှင်သူဌေးတို့လက်မှ သိမ်းယူပြီးလျှင် တောင်သူဆင်းရဲသားအများတို့အား ဝေငှပေးကမ်း၍ လုပ်ကိုင်စားသောက်နိုင်စေရန်ကိစ္စကို လီနင်ကိုယ်တိုင်များစွာ နှစ်သက်သဘောကျလာသည့်အတိုင်း ရုရှားနိုင်ငံရှိ မြေပိုင်ရှင်သူဌေးများနှင့် မင်းစိုးရာဇာသားမြေးများ အပိုင်ယူထားသော လယ်ယာချောင်း မြောင်းများနှင့်တကွ ဘာသာရေးဘက်က သိမ်းပိုက်ယူငင်ထားသော လယ်ယာ ချောင်း မြောင်းများကိုပါမကျန် အားလုံးအကုန် ပြန်လည်သိမ်းယူစေရန် စီမံချက်အသစ်တစ်ခုကို စီစဉ်ပြုလုပ်လေ၏။ ဆိုခဲ့သည့်အတိုင်း လီနင်၏အားပေးလှုံ့ဆော်ချက်အရ ၁၉၀၅ ခုနှစ်တွင် ရုရှားနိုင်ငံတောင်သူဆင်းရဲသားအများတို့သည် မြေပိုင်သူဌေးတို့၏လက်မှ မြေယာပစ္စည်းများကို အတင်းသိမ်းပိုက်ယူငင်ခြင်း ပြုလုပ်လာကြလေ၏။

၁၉၀၅ ခုနှစ်တွင် ရုရှားအလုပ်သမားများနှင့်တကွ တောင်သူဆင်းရဲသားများ၊ ဆိုရှယ်ဒီမိုကရက်အသင်းဝင်သားများတို့က အကြီးအကျယ် ပုန်ကန်ထကြွလာကြလေရာ ထိုပုန်ကန်သူတို့၏ ရည်ရွယ်ချက်မှာ ရုရှားနိုင်ငံတွင် သမ္မတအုပ်စိုးရေးကို တည်ထောင်ပြုလုပ်ရန်ဖြစ်၏။ ထိုသို့ ရုရှားနိုင်ငံတွင် အလုပ်သမားဆင်းရဲသားအများတို့က ဇာဘုရင်ကို နန်းမှချ၍ ရုရှားနိုင်ငံတွင် သမ္မတအုပ်စိုးရေးတည်ထောင်ပြီးလျှင် ထိုသမ္မတအုပ်စိုးရေးတွင် ၎င်းအလုပ်သမားဆင်းရဲသားများကပင် ဝင်ရောက်လုပ်ကိုင်လာမည်ကို မင်ရှီဗျစ်ဂိုဏ်းက များစွာစိုးရိမ်ခြင်း ဖြစ်လေ၏။

mgyoe.com

mgyoe.com


ထိုမင်ရှီဗျစ်ဂိုဏ်း၏သဘောမှာ အလုပ်သမားဆင်းရဲသားများက နိုင်ငံအုပ်ချုပ်မှု အုပ်ချုပ်ရေးကို ကောင်းစွာ နားလည်တတ်မြောက်ခြင်း မရှိသေးမီ ဝင်ရောက်လုပ်ကိုင်မည်ဆိုလျှင် နိုင်ငံတွင် ပရမ်းပတာဖြစ်ကုန်လိမ့်မည်ဟု ထင်မြင်စိုးရိမ်ခြင်းဖြစ်လေ၏။ သို့ရာတွင် လီနင်ကမူ နိုင်ငံတွင် ဇာဘုရင်က ငါမင်း ငါချင်း ပြုလုပ်အုပ်ချုပ်နေသည်ထက် အလုပ်သမား ဆင်းရဲသားများက သဘောကျ စီမံအုပ်ချုပ်ခြင်းပြုလုပ်သော်တိုး၍ သက်သာခွင့်ရလိမ့်မည်ဟု ထုတ်ဖော်ပြောဆိုလေသည်။

ထိုအတောအတွင်းတွင် ရုရှားနိုင်ငံ၌ အလုပ်သမားများကလည်းကောင်း၊ တောင်သူဆင်းရဲသားများကလည်းကောင်း၊ ဆိုရှယ်လစ်အသင်းသားများကလည်းကောင်း၊ တော်လှန်ပုန်ကန်ရေးအသင်းသားများကလည်းကောင်း မရပ်မနား ပုန်ကန်ထကြွလျက်ရှိနေကြရာ ဇာဘုရင်နှင့်တကွ ၎င်း၏အစိုးရတို့မှာ ဖိစီးနှိပ်ကွပ်၍ မရနိုင်အောင်ဖြစ်လာသည့်အတိုင်း အောက်တိုဘာလ ၃၀ ရက်နေ့ကျရောက်သကာလ ဇာဘုရင်နှင့် ၎င်း၏အစိုးရတို့မှာ လက်လျှော့၍ ပေးတန်သမျှကိုပေးလာခဲ့ရလေသည်။ ဆိုခဲ့သည့် အလုပ်သမားဆင်းရဲသားများ ပုန်ကန်ထကြွရာတွင် ဇာဘုရင်နှင့် ၎င်း၏အစိုးရတို့မှာ မိမိတို့စစ်တပ်များကိုအားထားသင့်သလောက် အားထားမရဖြစ်လေ၏။ သို့ရာတွင် ပုန်ကန်ထကြွသူတို့ဘက်ကမူကား ရုရှားတစ်နိုင်ငံလုံး၌လိုပင် သူပုန်ကော်မတီနှင့် ဆိုဗီယက်ခေါ် အလုပ်သမားအဖွဲ့များ အနှံ့အပြား ဖြစ်ပွားပေါ်ပေါက်လာလေရာ ထိုကော်မတီနှင့် ဆိုဗီယက်အဖွဲ့များတွင် မင်ရှီဗျစ်ဂိုဏ်းဝင်တို့က လွှမ်းမိုးလျက်ရှိကြသော်လည်း ရုရှားနိုင်ငံ စီမံအုပ်ချုပ်ရေးကိုလက်ဝယ်ရအောင် ကြိုးစားအားထုတ်နေကြလေ၏။

ရုရှားနိုင်ငံရှိ တောင်သူ၊ ဆင်းရဲသားအများတို့မှာလည်း အလွန်စိတ်အားထက်သန်နေကြစေကာမူ စည်းစည်းလုံးလုံး ဖွဲ့စည်းခြင်း မရှိ

mgyoe.com

mgyoe.com


သည့်အပြင် လယ်ယာ ချောင်း မြောင်းကိစ္စမှာ နိုင်ငံတွင် ဘုရင်အုပ်စိုးခြင်းနှင့် သမ္မတအုပ်စိုးခြင်း တစ်မျိုးမျိုးအပေါ်တွင် အခြေခံပြုလျက် ရှိကြောင်းကို မသိနားမလည်ဖြစ်နေကြလေ၏။

ထိုသို့ ရုရှားနိုင်ငံတွင် ပုန်ကန်ထကြွလျက်ရှိနေစဉ် ပုန်ကန်ထကြွသူတို့ဘက်မှ ခေါင်းဆောင်ပြုလုပ်သူတို့မှာ အခွင့်သင့်သလို ဖြစ်ပေါ်လာသော သူတို့ပင်ဖြစ်ကြ၍ ထိုခေါင်းဆောင်လုပ်သူတို့မှာ ယေဘုယျအားဖြင့် နိုင်ငံရေးအသိပညာမရှိသူတို့ ဖြစ်ကြလေ၏။ လီနင်ကိုယ်တိုင်မှာလည်း ထိုသို့ ပုန်ကန်ထကြွနေစဉ် ရုရှားနိုင်ငံသို့ တိတ်တဆိတ် ပြန်လည်ဝင်ရောက်လာပြီးသော် ပုလိပ်တို့မသိအောင် ရုပ်ဖျက်ခြင်း၊ နာမည်လွှဲပြောင်းခြင်းများ ပြုလုပ်လျက် ပုန်းလျှိုးကွယ်လျှိုးနေကာ တစ်ရံတစ်ခါမှသာလျှင် အလုပ်သမား၊ ဆင်းရဲသားများ အစည်းအဝေးများ၌ စကားပြောဟောခြင်း ပြုလုပ်နိုင်လေ၏။

ထို့ပြင် လီနင်သည် ရုရှားနိုင်ငံတွင် ဖြစ်ပေါ်လာသော အခြေအနေများကို သိမြင်ဆင်ခြင်မိသည့်အတိုင်း နိုင်ငံအုပ်ချုပ်ရေး အခွင့် အာဏာကို ဇာဘုရင်လက်ထဲမှ အတင်းသိမ်းပိုက်ယူငင်နိုင်ရန် အလို့ငှာ နေရာတကျ လက်နက်စွဲကိုင်၍ တိုက်ခိုက်ကြမှသာလျှင် ဖြစ်မြောက်တော့မည်ဟု သဘောရလာလေ၏။ ထိုသဘောရသည့်အတိုင်းလည်း တိုက်တွန်းနှိုးဆော်ခြင်းပြုလုပ်လေရာ ဘိုလ်ရှီဗျစ်ကော်မတီအဖွဲ့နှင့် ဆိုရှယ်လစ်သူပုန်အသင်းတို့က သဘောတူလိုက်နာလျက် လက်နက်စွဲကိုင်၍ ပုန်ကန်ထကြွပြုလုပ်လာကြလေ၏။ ဤကဲ့သို့ ရုရှားနိုင်ငံတွင် တော်လှန်ပုန်ကန်ရေးကို တစ်စိတ်တစ်သဘောတည်း ဖြစ်ကြပါလျက် တစ်ကွဲတစ်ပြားစီပုန်ကန်ထကြွခြင်း ပြုလုပ်လာကြခြင်းမှာ စည်းလုံးညီညွတ်ခြင်းတည်းဟူသော အင်အားရှိသင့်သလောက် မရှိဖြစ်နေသေး၏။

အစိုးရတို့ကလည်း ပီတာစဘတ်မြို့တော်ရှိ အလုပ်သမားကောင်စီ

mgyoe.com